**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်း ကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကိုသိတတ်သော၊ မိမိပြုရမည့် ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။ **ဓမ္မပဒ**


# မြဝတီ နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၇၈)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်
၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်၊ တနင်္လာနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရှုခင်းကြည့်တောင်ကုန်းများတွင် ပုဂံဒေသနေဝင်ဆည်းဆာကြည့်သူများဖြင့်စည်ကားခဲ့

ညောင်ဦး အောက်တိုဘာ ၁၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း သီတင်းကျွတ်ရုံးပိတ်ရက်ကာလ လေးရက်အတွင်း ရှုခင်းကြည့်တောင်ကုန်းများတွင် မြန်မာပြည်အရပ်ရပ်မှ လာရောက်သည့် ခရီးသွားဘုရားဖူးများ စည်ကားစွာကြည့်ရှုခဲ့ကြောင်း သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း မြန်မာပြည်အရပ်ရပ်မှလာရောက်ကြသည့် လေ့လာရေးလာရောက်သူ ဘုရားဖူးပြည်သူများသည် အောက်တိုဘာလ ၄ ရက်မှ ၇ ရက်အထိ သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ သမိုင်းအထင်ကရ ဘုရားများ၊ စေတီ၊ ပုထိုးများ၊ သာသနိကအဆောက်အအုံများသို့လေ့လာ၍ ဘုရားဖူးကြကာ ညနေပိုင်းတွင်

**စာမျက်နှာ ၁၆ ကော်လံ ၄ ●**



## နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် အောက်တိုဘာ ၁၂

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင်နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

**ဆောင်းပါး**

**ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖြင့် အနာဂတ်ကိုပုံဖော်ကြပါစို့**

စာ - ၁၃ သို့

**ကျောက်မဲမြို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်၊ ကျောက်မဲမြို့ ယာယီဆေးရုံ၌ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်**

စာ - ၁၅ သို့



**အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း(ပခုက္ကူ)မှအမျိုးသမီးသင်တန်းသူ ၃၄၄၅ ဦး သင်ကြားမွေးထုတ်ပေးနိုင်ခဲ့**

စာ - ၅ သို့



**စစ်ကိုင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ဆောင်းနှမ်းဧက ၄၀၀၀၀ ကျော်စိုက်ပျိုးမည်**

စာ - ၇ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်)

# လှပထူးခြားနှစ်နိုင်ငံချစ်ကြည်ရေးတံတား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အောက်တိုဘာလ ၁၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာ-ကိုရီးယားနှစ်နိုင်ငံချစ်ကြည်ရေး(ဒလ)တံတား ကွန်ကရစ်သွန်းလောင်းတံတားဆက်ခြင်း မဟာမင်္ဂလာအခမ်းအနားသို့တက်ရောက်ချီးမြှင့်ပြီး Controller အသုံးပြု၍ ကွန်ကရစ်လောင်းတံတားဆက်ခြင်းအား ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး(ဒလ)တံတားဆက်ခြင်းမဟာမင်္ဂလာအခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ Controller အသုံးပြု၍ ကွန်ကရစ်သွန်းလောင်းတံတားဆက်ခြင်းကို ဆောင်ရွက်ပေးပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ကွန်ကရစ်သွန်းလောင်းတံတားဆက်ထားသည့်နေရာအား အမွှေးနံ့သာရည်များပက်ဖျန်းပေးကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံအားလုံးနှင့်ချစ်ကြည်ရင်းနှီးစွာဆက်ဆံလျက်ရှိသည့်အတွက် မြန်မာနိုင်ငံတွင် မိတ်ဆွေနိုင်ငံများပေါများလှသည်။ မြန်မာနိုင်ငံပြည်သူများသည် ၁၉၈၈ ခုနှစ်တွင် တစ်ပါတီစနစ်အစား ပါတီစုံဒီမိုကရေစီစနစ်ကိုတောင်းဆိုလာသည့်အတွက် ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးခဲ့သည်။ ပါတီစုံဒီမိုကရေစီစနစ်၏ပထမဆုံးသမ္မတမှာ ဦးသိန်းစိန်ဖြစ်သည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ၂၀၁၂ ခုနှစ် ကိုရီးယားနိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာနိုင်ငံတွင် မြန်မာ-ကိုရီးယားနှစ်နိုင်ငံချစ်ကြည်ရေးစီမံကိန်းတစ်ခုအကောင်အထည်ဖော်ဆောင်ရွက်ရန် ဆွေးနွေးခဲ့သည်။ ထို့ကြောင့် ၂၀၁၃ ခုနှစ်တွင် မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားတည်ဆောက်ရေးစီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့သည်။

အဆိုပါ မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားတည်ဆောက်ရေးစီမံကိန်းကို ၂၀၁၅ ခုနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများစတင်နိုင်ရန်အတွက် အကြိုအင်ဂျင်နီယာလုပ်ငန်းများ၊ ပုံစံထုတ်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ တံတားတည်ဆောက်စဉ်ကာလအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားခြင်းကြောင့် နှောင့်နှေးခဲ့ရသည့် လုပ်ငန်းအခက်အခဲများကို လက်ရှိနိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ယူထားသည့်အချိန်တွင် တံတားတည်ဆောက်ရေးလုပ်ငန်းပြီးစီးရန် နိုင်ငံတော်ဘဏ္ဍာငွေဖြည့်တင်းဆောင်ရွက်နိုင်ခဲ့သဖြင့် ယခုကဲ့သို့ လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားမှာ သံမဏိကြိုးဆိုင်းတံတား Cable-Stayed Bridge အမျိုးအစားဖြစ်ပြီး လေးလမ်းသွားတံတားဖြစ်သည်။ ပင်မတံတားအရှည်မှာ ၂၂၆၄ ပေ၊ ရန်ကုန်ဘက်ချဉ်းကပ်တံတားအရှည်မှာ ၁၈၉၁ ပေ၊ ဒလဘက်ကမ်းချဉ်းကပ်တံတားအရှည်မှာ ၁၉၇၂ ပေ၊ ရန်ကုန်ဘက်ကမ်းနှင့် ဒလဘက်ကမ်းချဉ်းကပ်လမ်းအရှည်မှာ ၃၄၅၃ ပေဖြစ်ပြီး တံတားတစ်စင်းလုံး၏ စုစုပေါင်းအရှည်မှာ ၆၁၂၇ ပေဖြစ်သည်။

ရန်ကုန်မြို့ကို စီးပွားရေးမြို့တော်အဖြစ်သတ်မှတ်ထားပြီး စီးပွားရေးမြို့တော်၏အင်္ဂါရပ်များနှင့် ပြည့်စုံစေရန်အတွက် လိုအပ်ချက်မှန်သမျှကို နိုင်ငံတော်အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားသည် မြန်မာနိုင်ငံရှိ တည်ဆောက်ပြီးစီးခဲ့သည့် သံမဏိကြိုးဆိုင်းတံတားများအနက် ရေလမ်းကင်းလွတ်အမြင့်ဆုံးတံတားဖြစ်သည်။ တံတားအောက်မှ တန်ချိန် ၁၅၀၀၀ ရှိသည့် နိုင်ငံတကာပင်လယ်ကူးသင်္ဘောကြီးများနှင့် ပြည်တွင်းရေကြောင်းသွားသင်္ဘောကြီးများ ဖြတ်သန်းအသုံးပြုနိုင်ရန် တံတားကင်းလွတ်အမြင့်ပေ ၁၆၀၊ အကျယ်ပေ ၉၉၀ ရှိသည်။

မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်သည်။ မြန်မာအင်ဂျင်နီယာများအနေဖြင့် သံမဏိကြိုးဆိုင်းတံတားဆိုင်ရာပုံစံထုတ်ခြင်း၊ တည်ဆောက်ခြင်း၊ ခေတ်မီနည်းပညာများ နည်းစနစ်များနှင့်အတွေ့အကြုံများရရှိခဲ့သည်။ တံတားကြီးအချောသပ်တည်ဆောက်ပြီးစီးဖွင့်လှစ်ခဲ့ပါက ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့မှ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များသို့လည်းကောင်း၊ ဒေးဒရဲမှတစ်ဆင့် ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေးမြို့နှင့် ကမ်းခြေဒေသများအပါအဝင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့များသို့လည်းကောင်း လွယ်ကူလျင်မြန်စွာသွားလာနိုင်မည်ဖြစ်သည်။ ထို့ပြင် လက်ရှိဖြစ်ပေါ်နေသည့် ရန်ကုန်မြို့ယာဉ်ကြောပိတ်ဆို့မှုများသည်လည်း အတိုင်းအတာတစ်ခုအထိ လျော့ပါးသက်သာသွားစေမည်ဖြစ်သည်။ အဆိုပါတံတားကြီးကြောင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအပါအဝင် ကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်လာပြီး တံတားကြီးမှာ ရန်ကုန်မြို့၏အထင်ကရပြယုဂ်(Landmark)တစ်ခုဖြစ်လာပေမည်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသည့် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးကို နေ့မအားညမအား အားသွန်ခွန်စိုက်ဆောင်ရွက်ပေးလျက်ရှိရာတွင် မကြာမီဖွင့်လှစ်နိုင်တော့မည့် မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ အဆိုပါချစ်ကြည်ရေးတံတားမှာ ရန်ကုန်မြို့၏အထင်ကရပြယုဂ်ဖြစ်လာသကဲ့သို့ နိုင်ငံအတွက်လည်း အလွန်ထူးခြားထင်ရှားလှသောတံတားကြီးအဖြစ်ပေါ်ပေါက်လာခြင်းဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

**၇၆**

**ရက်**

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၆/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်အား သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅)ဖြင့် ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော်မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP)မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော်မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP)မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅)ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော်မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP)မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ်(PR)မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP)မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ်(PR)မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ။

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက်ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့်တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄) ဖြင့်ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က)ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်။

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၇-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထားလျှောက်ထားနိုင်သည်။


မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ၂၀၂၅ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့

## World Food Day 2025

## “အနာဂတ်စားရေရိက္ခာဖူလုံဖို့ လက်တွဲဆောင်ရွက်ကြပါစို့”

## (Hand in Hand for Better Foods and a Better Future)

## အောက်တိုဘာလ ၁၆ ရက်နေ့

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

- အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက်နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## လှိုင်ကော်တက္ကသိုလ်တွင် အဝေးသင်သင်တန်းတက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ကြေညာချက်**
**လှိုင်ကော်တက္ကသိုလ်တွင်**
**အဝေးသင် သင်တန်းတက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ တောင်ကြီးတက္ကသိုလ်၏ ၂၀၂၅ ပညာသင်နှစ် အဝေးသင် သင်တန်းတွင် ကျောင်းအပ်နှံထားသော လှိုင်ကော်တက္ကသိုလ်အဝေးသင် သင်တန်းမှ ကျောင်းသား၊ ကျောင်းသူများသည် ၂၀၂၅ ပညာသင်နှစ်၊ အဝေးသင် ဒုတိယအသုတ်နှင့် တတိယအသုတ် အနီးကပ်သင်တန်းနှင့် စာမေးပွဲများကို လှိုင်ကော်တက္ကသိုလ်တွင် တက်ရောက်ဖြေဆိုရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

## မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့်အခက်အခဲများကို သတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Centre များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Centre ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
(၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
(၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

(ခ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
(၃) ၀၆၇-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
(၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆

(ဂ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကချင်ပြည်နယ်)
(၁) ၀၁-၃၃၃၁၆၃၅
(၂) ၀၉-၄၂၂၅၄၄၆၆၉
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကယားပြည်နယ်)
(၁) ၀၉-၈၈၁၄၄၆၆၈၆
(၂) ၀၉-၈၈၆၈၃၄၂၃၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

(င) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကရင်ပြည်နယ်)
(၁) ၀၅၈-၂၁၁၇၅
(၂) ၀၅၈-၂၄၄၃၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆

(စ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ချင်းပြည်နယ်)
(၁) ၀၁-၃၃၃၆၆၁၁
(၂) ၀၁-၃၃၃၆၆၂၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃၃

(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၅
(၂) ၀၇၁-၂၀၃၂၀၉၆
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

(ဇ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၁၂၁၁
(၂) ၀၅၉-၂၀၂၃၅၂၅
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၀

(ဈ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၁၂၆၈
(၂) ၀၅၂- ၂၂၀၁၉၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၂၅၁၁၃၃၁၈၇

(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃- ၂၀၂၈၈၉
(၂) ၀၆၃- ၂၀၂၈၉၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၅၂၀၂၆၅၉

(ဋ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၆၉၀၄၂
(၂) ၀၂-၄၀၆၇၃၄၄
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၆၀၂၂၇၇၇

(ဌ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၂၅၆
(၂) ၀၅၇-၂၀၂၄၃၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃

(ဍ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရခိုင်ပြည်နယ်)
(၁) ၀၉-၄၂၁၇၄၂၄၂၈
(၂) ၀၉-၄၃၀၉၄၄၅၇
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၅၄၉၄

(ဎ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၂၅၀၆၂၉၃
(၂) ၀၁-၂၃၀၆၂၅၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆

(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၉၉၅
(၂) ၀၈၁-၂၁၂၄၅၄၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၄၆၁၆
(၂) ၀၄၂-၂၃၇၈၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

### တစ်ခွန်းတည်းသောစကား

ကျွန်ုပ်အလေ့အကျင့်ပြုလုပ်၍ စတုတ္ထမြောက်သောနေ့တွင် ကျွန်ုပ်တို့ကိုယ်စားလှယ်သုံးယောက်နှင့် ကျွန်ုပ်တို့အတွက် စကားပြန်အဖြစ်နှင့်လည်းကောင်း၊ လမ်းပြအဖြစ်နှင့်လည်းကောင်း လိုက်ပါလာကြသည့် ရုရှားရဲဘော်နှစ်ယောက်တို့သည် မော်စကိုမြို့မှထွက်လာပြီး၍ အာမီးနီးယားရီပတ်ဘလစ်၏ မြို့တော်ဖြစ်သည့် အီရာဗန်မြို့မှ ရွာလေးတစ်ရွာသို့ထွက်လာကြ၏။ ကျွန်ုပ်တို့သည် ယင်းရွာရှိ စုပေါင်းစိုက်ပျိုးရေးအဖွဲ့ဥက္ကဋ္ဌ၏ဖိတ်ကြားချက်အရ ယင်းကျေးရွာနှင့်တကွ စုပေါင်းစိုက်ပျိုးခြင်းနည်းစနစ်ကိုပါ ကြည့်ရှုရန်လာခဲ့ကြခြင်းဖြစ်လေသည်။ ကျေးရွာရှိ စာသင်ကျောင်းနှင့် စုပေါင်းစိုက်ပျိုးခြင်းနည်းစနစ်ဆိုင်ရာတို့ကို ဥက္ကဋ္ဌနှင့်အဖွဲ့သားများက ပြသပြီးနောက် ဥက္ကဋ္ဌသည် ကျွန်ုပ်တို့အား နေ့လယ်စာကျွေးမွေးရန်အတွက် ၎င်း၏အိမ်သို့ ဖိတ်ခေါ်သွားလေသည်။ ဥက္ကဋ္ဌ၏နေအိမ်မှာ ဘဲ၊ ကြက်၊ ငန်း စသည်များ မွေးမြူထားသော်လည်း တယ်လီဖေးရှင်းနှင့်တကွ အိမ်ထောင်မှုကိရိယာများအပြင်ပန်းကန်ခွက်ယောက် စသည်များ၏ သားနားပုံအခြေအနေမှာ မြန်မာပြည်မှ ဝန်ထောက်အဆင့်အတန်းရှိသည့် အရာရှိတစ်ယောက်၏အခြေအနေမျိုးရှိခြင်းကိုတွေ့ရသည်။ ဆိုဗီယက်ယူနီယံသို့ ရောက်သည်မှစ၍ ကျွန်ုပ်သည် အစည်းအဝေးများ၌ ကျွန်ုပ်သိလိုသောအခြင်းအရာကို တစ်ခွန်းတလေ မေးမြန်းခြင်းမှတစ်ပါးစကားမပြော။ ပြောရန်လည်း အစီအစဉ်မရှိ။ ဆိတ်ဆိတ်သာနေခဲ့သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးဆိုင်ရာ ကော်မတီလူကြီးအဖွဲ့နှင့် ဆွေးနွေးရာတွင်မူကား ဦးသန့်အကြောင်းကို စကားစပ်မိသည်နှင့် ကျွန်ုပ်က "ဦးသန့်သည် ကွယ်လွန်သူဟမ်းမားရှိုးထက်သာသည်ဟုမထင်ကြသလော"ဟုမေးလိုက်၏။ ဤတွင် အကြီးအကဲဖြစ်သူတစ်ဦးက "နှိုင်းယှဉ်လို့တော့မပြောပါရစေနှင့်ခင်ဗျာ" ဟု စကားခံပြီးလျှင် ဟမ်းမားရှိုး၏အရည်အချင်းနှင့် အခက်အခဲများ၊ ဦးသန့်၏အရည်အချင်းနှင့် ကြိုးစားချက်များ စသည်တို့ကိုပြောပြလေရာ ကျွန်ုပ်၏စိတ်ထဲ၌ မိမိသိလိုသောအခြင်းအရာကိုသိရပြီဖြစ်၍ ထိုသူ၏စကားပြောပုံလိမ္မာခြင်းကို စိတ်ထဲ၌ ချီးမွမ်းခဲ့ဖူးပါသည်။ ဤသည်မှလွဲ၍လောက်မှအပ ကျွန်ုပ်ပါးစပ်ပင်မဟခဲ့ဖူးသေးပါ။

### မေတ္တာမျက်လုံးသုံးခြင်း

ကျေးရွာဥက္ကဋ္ဌ၏ နေ့လယ်စာစားပွဲ၌လည်း ကျွန်ုပ်သည် စကားပြောဖို့ လုံးဝအကြံအစည်မရှိဘဲ စားပွဲထိပ်၌ခင်းထားသည့် ဆိုဖာပေါ်တွင် ခပ်စောင်းစောင်းမှီကာ ထိုင်လျက်ရှိ၏။ ဥက္ကဋ္ဌသည် ကျွန်ုပ်အား အဖွဲ့ခေါင်းဆောင်မဟုတ်ခြင်းကိုသိသော်လည်း လူကြီးတစ်ယောက်အနေဖြင့် အကောင်းဆုံးသော နေရာကိုပေးခြင်းဖြစ်ဟန်ရှိ၏။ ကျွန်ုပ်၏အဖော်များက အက်ဖ်ရိုအေရှင်ချစ်ကြည်မှု ခိုင်မြဲရေးအဖွဲ့အကြောင်းကိုပြောပြ၍ စုပေါင်းစိုက်ပျိုးရေးဥက္ကဋ္ဌနှင့်အဖွဲ့သားများက တို့စ်လုပ်လျက်ရှိကြသည်။ ကျွန်ုပ်သည် စားပွဲထိပ်တွင် တိတ်ဆိတ်စွာ ထိုင်လျက် စားကြသောက်ကြသော လူများ၏မျက်နှာများကို တစ်ယောက်စီကြည့်ကာ မေတ္တာပို့လျက်ရှိ၏။ ရွာသားများသည် ကျွန်ုပ်နှင့်တစ်ကြိမ်မျက်လုံးချင်းဆိုင်လိုက်ရသည်ဆိုလျှင် ကျွန်ုပ်၏မျက်နှာမှ တခြားသို့ ပြောင်းလွှဲကြည့်ရန်မတတ်နိုင်သည့်နှယ် အားလုံးလိုပင် ကျွန်ုပ်အား စူးစိုက်စွာကြည့်လာကြ၏။ ဤတွင် အိမ်ရှင်ဖြစ်သော ဥက္ကဋ္ဌသည် ထိုင်ရာမှထ၍ ကျွန်ုပ်အား စကားပြောဖို့တောင်းပန်ပြီး တစ်စုံတစ်ခု တို့စ်လုပ်ဖို့တိုက်တွန်းလေသည်။ ကျွန်ုပ်သည် အက်ဖ်ရိုအေရှင်ကိုယ်စားလှယ်အဖွဲ့၏ခေါင်းဆောင်လည်း မဟုတ်သည့်အတွက် စကားပြောဖို့ တာဝန်မရှိဟုယူဆကာ မည်သည့်ဆွေးနွေးပွဲတွင်မျှ စကားပြောဖို့မကြံခဲ့သော်လည်း ဥက္ကဋ္ဌဖြစ်သူက တိုက်ရိုက်တောင်းပန်သည့်အခါ ငြင်းဆန်ဖို့မဖြစ်နိုင်သကဲ့သို့ရှိနေ၏။ စကားပြောဖို့လည်း အမှန်ပင်တွန့်ဆုတ်ပါသည်။ သို့ရာတွင် ကျွန်ုပ်၏စိတ်ထဲ၌မူ ဤလူထုအား ပြောချင်သော စကားတစ်ခွန်းရှိသည်နှင့် ဤတစ်ချီတော့ ကြဲလိုက်မှတော်မည်ဟုဆုံးဖြတ်ကာ ထိုင်ရာမှထလိုက်ပါသည်။ သို့ရာတွင် မည်သည့်ဘာသာစကားဖြင့် ပြောရချေမည်နည်း။

> "ကျေးရွာဥက္ကဋ္ဌ၏ နေ့လယ်စာစားပွဲ၌လည်း ကျွန်ုပ်သည် စကားပြောဖို့ လုံးဝအကြံအစည် မရှိဘဲ စားပွဲထိပ်၌ခင်းထားသည့် ဆိုဖာပေါ်တွင် ခပ်စောင်းစောင်းမှီကာ ထိုင်လျက်ရှိ၏။ ဥက္ကဋ္ဌသည် ကျွန်ုပ်အား အဖွဲ့ခေါင်းဆောင်မဟုတ်ခြင်း ကိုသိသော်လည်း လူကြီးတစ်ယောက်အနေဖြင့် အကောင်းဆုံးသောနေရာကို ပေးခြင်းဖြစ်ဟန်ရှိ၏. . ."

### အင်္ဂလိပ်လိုပြောရခြင်း

ကျွန်ုပ်သည် မြန်မာလိုပြောပါက ဤပရိသတ်၌ မြန်မာစကားတတ်သူမှာ ကျွန်ုပ်၏အဖော်နှစ်ယောက်ဖြစ်သော ကိုလှကျော်နှင့်သခင်ကျော်စိန်တို့အနက်မှ တစ်ယောက်ယောက်က အင်္ဂလိပ်လို ပြန်၍ပြောရပေလိမ့်မည်။ ဤပရိသတ်တွင် အင်္ဂလိပ်လိုတတ်သူ လေးငါးယောက်မျှသာရှိသည်ဖြစ်၍ ကျွန်ုပ်တို့နှင့်အတူ လိုက်ပါလာကြသည့် ရုရှားရဲဘော်နှစ်ဦးမှ တစ်ဦးဦးက ရုရှားလိုဘာသာပြန်၍ ပြောရပေဦးမည်။ ထိုကဲ့သို့ နှစ်ဆင့်မျှဘာသာပြန်၍ပြောရသည့်အခါ ကျွန်ုပ်ပြောလိုသောအဓိပ္ပာယ်များသည် ပေါ့ပြက်ပြက်ဖြစ်သွားနိုင်သည်ဟု စဉ်းစားမိသည်။ ထို့ကြောင့် အင်္ဂလိပ်လိုပြောမည်ဟုကြံပါတော့သည်။ ကျွန်ုပ်မှာ အင်္ဂလိပ်လို ပြောလေ့ရှိသည့် ကျွန်ုပ်၏သူငယ်ချင်း မောင်ရီ၊ ကိုခင်မောင်နှင့် ကိုသိန်းဖေတို့ကွယ်လွန်ကြကတည်းက အင်္ဂလိပ်လိုပြောသည့် အလေ့အကျင့် လုံးဝပြတ်စဲလျက်ရှိခဲ့သည့်အတွက်ကြောင့် အင်္ဂလိပ်လိုပြောဖို့ မရဲဘဲဖြစ်နေ၏။ နောက်ဆုံး၌ ဘာပဲဖြစ်ဖြစ် မိမိပြောလိုသည့်အဓိပ္ပာယ်ကို အင်္ဂလိပ်လိုပြောပါမှ ယုတ်စွအဆုံး တချို့လူများ အပြည့်အဝနားလည်နိုင်ခွင့်ရှိသေးသည်ဟုအကြံရကာ အင်္ဂလိပ်လိုပြောဖို့ ဆုံးဖြတ်လိုက်ပါသည်။

### ပထမအကြိမ်စကားပြောခြင်း

ကျွန်ုပ်စကားပြောတော့မည်ဟု ထိုင်ရာမှထလိုက်သည်ဆိုလျှင်ပင် ထမင်းစားပွဲ၌ရှိကြသော ပရိသတ် ၂၀ ခန့်တို့သည် မည်သူစကားပြောစဉ်ကနှင့်မျှမတူအောင် နားစွင့်လျက်ရှိခြင်းကိုတွေ့ရ၏။ သတင်းထောက်နှင့်တူသော လူတစ်ယောက်ကမူ တခြားလူများပြောစဉ်က လိုရင်းမျှလောက်ကို ရေးမှတ်ရုံမျှပြုလုပ်ခဲ့သော်လည်း ကျွန်ုပ်ထလိုက်သောအခါ၌မူ အသံသွင်းစက်ဖြင့် သွင်းယူဖို့ပြင်ဆင်လေပြီ။ တခြားသောအချိန်များ၌ ဤအပြုအမူသည် ကျွန်ုပ်အား လန့်ဖျပ်စေမည်ဖြစ်သော်လည်း ထိုအခါကမူ (ကျွန်ုပ်၏ မေတ္တာစိတ်ဓာတ်အလေ့အကျင့်ကြောင့်ထင့်) လန့်ခြင်း၊ ကြောက်ခြင်းမရှိသည့်အပြင် အကောင်းဆုံးဖြစ်သောစကားပြောဖို့ အားပေးသကဲ့သို့ရှိနေ၏။ ကျွန်ုပ်ပြောလိုသော စကားမှာကား ကမ္ဘာလောကကြီး၌ တိုင်းကြီးပြည်ကြီးများသည် (နာမည်ကိုမဖော်ပြ) တစ်ပြည်နှင့်တစ်ပြည် မုန်းတီးခြင်းပြိုင်လျက်ရှိကြကြောင်း၊ တစ်ပြည်ကို တစ်ပြည်က ကမ္ဘာသူ၊ ကမ္ဘာသားများ အထင်သေးအောင်ရှာကြံပြီး ပြောလျက်ရှိကြကြောင်း၊ ခေါင်းဆောင်များက ထိုကဲ့သို့ပြောလိုက်သောအခါ နောက်လိုက်ငယ်သားများက လက်ခုပ်လက်ဝါးတီးကာ ဩဘာပေးကြကြောင်း၊ ဤကဲ့သို့ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ပြုလုပ်နေကြခြင်းအတွက်ကြောင့် ထိပ်သီးတိုင်းပြည်ကြီးများသည် တစ်ဖက်နှင့်တစ်ဖက် မုန်းတီးမှုတိုးပွားပြီး စိတ်ချယုံကြည်ခြင်းကင်းမဲ့သည်ထက် ကင်းမဲ့လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးကို ပါးစပ်ကဘယ်လိုပြောကြသော်လည်း မုန်းတီးဖို့ အပြန်အလှန်ဖန်တီးကာ ခြိမ်းခြောက်စကားပြောနေကြမည်ဆိုလျှင် ကမ္ဘာသူ၊ ကမ္ဘာသားများမှာ ဘယ်အခါမှ စိတ်ချလက်ချနေကြရဖို့မရှိကြောင်း၊ လက်နက်အင်အားတောင့်တင်းလျှင် ငြိမ်းချမ်းမှုရနိုင်မည်ဟု မှတ်ထင်ကြခြင်းမှာ အလွန်မှားကြောင်း၊ ဤနည်းအတိုင်း တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်မုန်းတီးအောင် ဖန်တီးနေကြမည်ဆိုလျှင် တိုးတက်လှပါသည်ဆိုသော ဤကမ္ဘာကြီးသည် တစ်နေ့စောစောတွင် မီးခိုးနှင့်ပြာလောက်သာကျန်တော့သည်ကို တခြားကမ္ဘာသားများက တွေ့မြင်ကြရမည်ဖြစ်ကြောင်း စသည်များဖြင့် လှိုက်လှိုက်လှဲလှဲဝမ်းနည်းပက်လက်အမူအရာမျိုးနှင့် ကျွန်ုပ်ကပြောပြလေသည်။ နားထောင်သောပရိသတ်သည် ပထမ၌ ခပ်ကြောင်ကြောင်ဖြစ်နေကြပုံရသော်လည်း ကျွန်ုပ်က မျက်ရည်ဝိုင်းသောမျက်လုံးများဖြင့် နှလုံးသို့ခိုက်အောင် ပြောပြရာတွင်မူကား မျက်ရည်ကျသူကျ၊ လက်ခုပ်တီးသူ တီး၊ စားပွဲကို ထုသူထု စသည်ဖြင့်ဩဘာပေးကြလေသည်။ နောက်ဆုံး၌ ကျွန်ုပ်၏ တို့စ်မှာကား "ကမ္ဘာသူ၊ ကမ္ဘာသားအပေါင်းတို့သည် မုန်းတီးခြင်းလျော့ပါးပြေပျောက်၍ အရှေ့အုပ်စုတို့နှင့် အနောက်အုပ်စုတို့ အပြန်အလှန်စေတနာကောင်းနှင့် ပေါင်းသင်းဆက်ဆံသောအဖြစ်သို့ (Goodwill and Good fellowship) အမြန်ဆုံးရောက်ကြပါစေသတည်း" ဟုဆိုကာ ဆန္ဒပြုလိုက်ပါသည်။

ဆက်လက်ဖော်ပြပါမည်။

---


## မြဝတီမြို့၌ အီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်

မြဝတီ အောက်တိုဘာ ၁၂

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကို အောက်တိုဘာလ ၁၁ ရက်က အမှတ်(၅)ရပ်ကွက် မြို့တော်ခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မော်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြဝတီခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်ဦးက ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ မြန်မာအီလက်ထရောနစ်မဲပေးစက်ကိုင်တွယ် အသုံးပြုရသည့် ရည်ရွယ်ချက်များ၊ နည်းစနစ်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင် လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းထက်က အထွေထွေရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် မြို့နယ်/ခရိုင်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြမဲပေးခြင်းတို့ ဆောင်ရွက်ကြသည်။



အဆိုပါ အီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်ရာ၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် (၂) ဦးစိန်သောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)

# အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ပခုက္ကူ)မှ အမျိုးသမီးသင်တန်းသူ ၃၄၄၅ ဦး သင်ကြားမွေးထုတ်ပေးနိုင်ခဲ့



ပခုက္ကူ အောက်တိုဘာ ၁၂

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများ၌ နယ်စပ်ဒေသအပါအဝင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသောဒေသများမှ အမျိုးသမီးငယ်များအား အဆင့်မြင့်စက်ချုပ်သင်တန်းများအပြင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများကို နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ပခုက္ကူ)မှ လက်ရှိအချိန်အထိ အမျိုးသမီးငယ်သင်တန်းသူ ၃၄၄၅ ဦး သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသမှ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသော အမျိုးသမီးငယ်များအား အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်စက်ချုပ်ပညာရပ်များသင်ကြားတတ်မြောက်စေခြင်းဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ မိသားစုအပိုဝင်ငွေတိုးပွားလာစေရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ်အထည်ချုပ်စက်ရုံများ၌ ဝင်ရောက်လုပ်ကိုင်နိုင်ရေး၊ တတ်မြောက်ထားသော အတတ်ပညာရပ်များကို နည်းစနစ်မှန်ကန်စွာအသုံးချပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ထူထောင်လုပ်ကိုင်နိုင်ရေးတို့အတွက် ရည်ရွယ်ကာ သင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းကျောင်း၌ အဆင့်မြင့်စက်ချုပ်သင်တန်းများအပြင် အခြေခံလက်မှုပညာသင်တန်း၊ မုန့်လုပ်နည်းသင်တန်း၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများကို စာတွေ့လက်တွေ့ စနစ်တကျသင်ကြားပေးလျက်ရှိပြီး သင်တန်းပြီးဆုံးပါက တစ်နိုင်တစ်ပိုင် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ထူထောင်လုပ်ကိုင်နိုင်စေရန် အပ်ချုပ်စက်များကို အရစ်ကျရောင်းချပေးခဲ့ကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်သည် လက်တွေ့ကျသောပညာရပ်တစ်ခုဖြစ်ပြီး သင်တန်းဆင်းပြီးသူများအနေဖြင့် မိမိသင်ယူတတ်မြောက်ထားသောပညာရပ်များကို လက်တွေ့အသုံးချကာ အောင်မြင်တိုးတက်သော ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်လုပ်ကိုင်စေလိုကြောင်း အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ပခုက္ကူ)ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိုးမြင့်ကပြောသည်။

အဆိုပါသင်တန်းကျောင်းကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး လက်ရှိအချိန်အထိ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁)မှ (၃၇)အထိ သင်တန်းသူ ၇၆၀ ဦး၊ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁)မှ (၄၀)အထိ သင်တန်းသူ ၁၉၅၄ ဦး၊ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၁)မှ (၁၀)အထိ သင်တန်းသူ ၃၅၅ ဦး၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း အမှတ်စဉ်(၁)မှ(၅)အထိ သင်တန်းသူ ၃၇၅ ဦး၊ အိမ်တွင်းမှုကြိမ်/ဝါးသင်တန်းသူတစ်ဦး စုစုပေါင်း သင်တန်းသူ ၃၄၄၅ ဦးကို သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ပြီး သင်တန်းဆင်း ၁၇၇၂ ဦးအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

# တောင်ကြီးမြို့နယ် ဆူးပုတ်ကွေ့ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း/တံတားများ ဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး



တောင်ကြီး အောက်တိုဘာ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျောက်နီကျေးရွာအုပ်စု ဆူးပုတ်ကွေ့ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း/တံတားများ ဖောက်လုပ်နေမှုအခြေအနေများကို အောက်တိုဘာလ ၁၂ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းစန္ဒာနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ဆူးပုတ်ကွေ့ကျေးရွာ၌ အရှည် ၂ မိုင် ၇ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ယင်းလမ်းပေါ်ရှိ ကွန်ကရစ်တံတားနှစ်စင်း၊ Slab Culvert တံတားနှစ်စင်းနှင့် Pipe Culvert တံတားနှစ်စင်း တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း/တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၃၃၁ ဒသမ ၀၀၄ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီများက ဇူလိုင်လဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၄၂ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကာ ရာနှုန်းပြည့်ပြီးစီးပါက အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ လယ်ယာမြေများမှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများကို ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

သော်ဇင်ထူး

# ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်စက်တင်ဘာလအတွင်း မတ်ပဲအိတ်ရေအများအပြားတင်ပို့ရောင်းချနိုင်ခဲ့

ကန်ကြီးထောင့် အောက်တိုဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်စက်တင်ဘာလအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကန်ကြီးထောင့်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်သင်းသင်း၏ပြောဆိုချက်အရ သိရသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လတစ်လတာကာလအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ ကျော်သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၅၂၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကန်ကြီးထောင့်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို စက်တင်ဘာလအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၅၂၀၀၀ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလည်း ဒေသထွက်ပဲတွေကို ရန်ကုန်ဘက်က အဝယ်လိုက်နေပါတယ်။ မတ်ပဲတွေကို ပြည်ပဈေးကွက်က ပြန်လည်ဝယ်လိုအားကောင်းလာတာကြောင့် ရန်ကုန်ဘက်ကလည်း ဝယ်လိုအားကောင်းလာတာပါ။ မတ်ပဲနဲ့ ပဲတီစိမ်းတွေကို ပြည်ပဈေးကွက်အနေနဲ့ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံကို အများဆုံးတင်ပို့ရောင်းချတာဖြစ်ပါတယ်။ အခု ပြည်ပဈေးကွက်က တော်တော်အဝယ်လိုက်လာပါတယ်" ဟု ဒေါ်သင်းသင်းက ပြောသည်။

အဆိုပါမတ်ပဲများ တင်ပို့အားကောင်းလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ထားဝယ်မြို့၌ တောင်သူများအား ယူရီးယားဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာဖြန့်ဖြူးရောင်းချပေး

ထားဝယ် အောက်တိုဘာ ၁၂

မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း၊ စံပြကွက်၊ စမ်းသပ်ကွက်နှင့် မိုးစပါးစိုက်ပျိုးသည့် တောင်သူများအား ယူရီးယားဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာဖြန့်ဖြူးရောင်းချခြင်းအခမ်းအနားကို အောက်တိုဘာလ ၁၁ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ထားဝယ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇေယျက ဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာဖြန့်ဖြူးပေးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များရရှိစေရေးနှင့် စိုက်ပျိုးနည်းစနစ်များ မှန်ကန်စွာစိုက်ပျိုးနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူများအနေဖြင့် မိုးစပါးအပြင် ဆောင်းသီးနှံ(မတ်ပဲ)ကို တိုးချဲ့စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုး၍ မိသားစုစားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းက ဒေသဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်သက်သာပြီး ရေရှည်အကျိုးပြုနိုင်သည့် သဘာဝမြေဩဇာများကို စနစ်တကျထည့်သွင်းအသုံးပြုကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက တောင်သူများအား ယူရီးယားဓာတ်မြေဩဇာများပေးအပ်ပြီး တက်ရောက်လာကြသည့်တောင်သူများက သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများအား အချိန်ကိုက်အချိုးကျ ထည့်သွင်းခြင်းသရုပ်ပြနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါအခမ်းအနားတွင် ယူရီးယားဓာတ်မြေဩဇာ စုစုပေါင်း အိတ် ၅၄၀ ကို ကျောက်မော်ရပ်ကွက်၊ ဇဟာကျေးရွာ၊ သပြေချောင်းကျေးရွာ၊ ပေါက်တိုင်းကျေးရွာ၊ ရှမ္မတွင်းကျေးရွာအုပ်စုများရှိတောင်သူများအတွက် ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

# စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ရေငတ်ဒဏ်ခံ ယာစပါးမျိုးကို ၂၀၂၆ မိုးရာသီ စိုက်ပျိုးချိန်အမီ ဖြန့်ဝေပေးမည်

နေပြည်တော် အောက်တိုဘာ ၁၂

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေများစွာမလိုအပ်သည့် ရေငတ်ဒဏ်ခံ ယာစပါးမျိုးကို ၂၀၂၆ မိုးရာသီစိုက်ပျိုးချိန်အမီ တောင်သူများအား ဖြန့်ဝေပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း နေပြည်တော်ရှိစိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဗဟိုဌာနမှ သိရသည်။


စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဗဟိုဌာနသည် မိုးရေရရှိမှုနည်းပါးသည့် မြေပြန့်ဒေသများ၌ စိုက်ပျိုးနိုင်စေရန် ရေငတ်ဒဏ်ခံ ယာစပါးလေးမျိုးကို စမ်းသပ်စိုက်ပျိုးကာ သုတေသနပြုလုပ်လျက်ရှိပြီး ထိုစပါးလေးမျိုးအနက် တောင်သူများ ကိုယ်တိုင်ရွေးချယ်သော မျိုးစပါးကို ၂၀၂၆ မိုးရာသီစိုက်ပျိုးချိန်အမီ ဖြန့်ဝေပေးနိုင်ရန် ဌာနပိုင်ခြံများ၌ မျိုးပွားထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ရေငတ်ဒဏ်ခံ ယာစပါးမျိုးတွေကို မကွေးတိုင်းဒေသကြီးလို မိုးရေရရှိမှုနည်းပါးတဲ့ မြေပြန့်ဒေသက ယာမြေတွေမှာ စိုက်ပျိုးနိုင်ဖို့အတွက် အဓိကရည်ရွယ်ပါတယ်။ ရေငတ်ဒဏ်ခံယာစပါးမျိုးတွေက သာမန်စပါးမျိုးတွေထက် ရေလိုအပ်ချက်နည်းနည်းနဲ့ စိုက်ပျိုးနိုင်တဲ့ စပါးမျိုးတွေဖြစ်ပါတယ်။ သာမန်စပါးမျိုးတွေကတော့ စိုက်ပျိုးရေလိုအပ်ချက်များပြီး ရေလွှမ်းစိုက်ပျိုးရတာကြောင့် ရေအရင်းအမြစ်တွေ လိုအပ်ပါတယ်" ဟု စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဗဟိုဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာမိုးက ပြောသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် အဆိုပါ ရေငတ်ဒဏ်ခံယာစပါးမျိုးများအား သုတေသနပြုလုပ်ခြင်းကို မြေပြန့်ဒေသများ၌ ဒေသဝမ်းစာဖူလုံရေးသာမက ရာသီဥတုကြောင့် မိုးခေါင်ခြင်း၊ အပူချိန်မြင့်တက်ခြင်းအပါအဝင် သဘာဝဘေးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

ယခုအခါ ထိုစပါးမျိုးများကို သုတေသနပြုလုပ်မှုများဆောင်ရွက်ပြီးနောက် သက်ဆိုင်ရာ၌ မှတ်ပုံတင်ခြင်း၊ မျိုးပွားထုတ်လုပ်ခြင်း၊ တောင်သူများအား စိုက်ပျိုးချိန်အမီ ဖြန့်ဝေပေးခြင်းနှင့် အသိပညာပေးခြင်း စသည့်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**




# မိုးကောင်းဆုတောင်းပြည့်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲအထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ



သထုံ အောက်တိုဘာ ၁၂

မွန်ပြည်နယ် သထုံမြို့နယ် မိုးကောင်းကျေးရွာ၌ တည်ထားသည့် မိုးကောင်းဆုတောင်းပြည့်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲအထိမ်းအမှတ်အဖြစ် သံဃာတော်နှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူခြင်းကို အောက်တိုဘာလ ၁၁ ရက်က ကျင်းပသည်။

ရှေးဦးစွာ သထုံမြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ ကြွရောက်လာကြသည့် သံဃာတော်များအား ဆွမ်းကြီးလောင်းပွဲဖြစ်မြောက်ရေး ဦးဆောင်အဖွဲ့မှ ဆွမ်းဆက်ကပ်ကြပြီးနောက် မိုးကောင်းကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာတို့မှ ဒေသခံပြည်သူများက သံဃာတော်နှင့် သာသနာ့နွယ်ဝင် သီလရှင် ၆၀၀ ကျော်တို့အား ဆွမ်းဆန်စိမ်းနှင့် တခြားလှူဖွယ်ဝတ္ထုပစ္စည်းများကို လောင်းလှူခြင်း၊ စာရေးတံမဲများ ဆက်ကပ်လှူဒါန်းခြင်းတို့ ပြုလုပ်ကြသည်။

အဆိုပါစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ၅ ရက်တွင် ကျင်းပခြင်းဖြစ်ပြီး နံနက်ပိုင်းတွင် စုပေါင်းဆွမ်းကြီးလောင်းလှူခြင်း၊ မွန်းလွဲပိုင်းတွင် စေတီတော်မြတ်ကြီးအား ရွှေကြာသင်္ကန်းများ ဆက်ကပ်ခြင်းတို့ ပြုလုပ်ကြောင်း သိရသည်။

**ချမ်းမြေ့**

# ဘုတ်ပြင်းမြို့နယ် အေးချမ်းမြိုင်-၁ ကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေး

ဘုတ်ပြင်း အောက်တိုဘာ ၁၂

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အေးချမ်းမြိုင်-၁ ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း(RBF) ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးပေးခြင်းကို အောက်တိုဘာလ ၁၂ ရက်တွင် အဆိုပါကျေးရွာစုရပ်ဆောင်၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က RBF စီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်းရန်ပုံငွေများဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် အေးချမ်းမြိုင်-၁ ကျေးရွာ RBF စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖွဲ့ နှစ်ဖွဲ့ထံ ရန်ပုံငွေ ငွေကျပ် ၁၆ ဒသမ ၃၅ သန်းကို လွှဲပြောင်းပေးအပ်ပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းအသင်းဝင်များအား စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖွဲ့ နှစ်ဖွဲ့မှ ထည့်ဝင်ငွေ ငွေကျပ် ၈ ဒသမ ၄၄ သန်းနှင့် စီမံကိန်းရန်ပုံငွေ ငွေကျပ် ၁၆ ဒသမ ၃၅ သန်း စုစုပေါင်း ငွေကျပ် ၂၄ ဒသမ ၇၉ သန်းမတည်၍ အစုအဖွဲ့စနစ်ဖြင့် အသားတိုးဝက်များ မွေးမြူပြီး ဈေးကွက်ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အထွေး**

# မလှိုင်မြို့နယ် ကျင်းသာ(ရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

မလှိုင် အောက်တိုဘာ ၁၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ကျင်းသာ(ရှေ့) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို အောက်တိုဘာလ ၁၂ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။



ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ငွေကျပ် ၆၃ ဒသမ ၇ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျင်းသာ(ရှေ့)ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၉ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၆၃ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအလုပ်ရုံဆွေးနွေး



ပဲခူး အောက်တိုဘာ ၁၂

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ အောက်တိုဘာလ ၁၁ ရက် နံနက်ပိုင်းတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကျင်းပသည်။


ဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပဲခူးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ညွှန်ကြားရေးမှူးများ၊ ပဲခူးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ဘာသာရပ်သင်ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

ယင်းနောက် စာသင်ခန်းများအတွင်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်၍ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ပဲခူးမြို့၊ တောင်ငူမြို့နှင့် ပြည်မြို့တို့၌ သုံးနေရာခွဲ၍ တိုင်းဒေသကြီးအတွင်းရှိ Grade -12 သင် ဆရာ၊ ဆရာမ ၁၀၇၂ ဦးအား တက္ကသိုလ်အသီးသီးမှ ဆရာ၊ ဆရာမများက သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ဥဿာတိုင်းသား




# စစ်ကိုင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ဆောင်းနှမ်းဧက ၄၀၀၀၀ ကျော်စိုက်ပျိုးမည်

စစ်ကိုင်း အောက်တိုဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ လာမည့်ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ဆောင်းနှမ်းဧက ၄၀၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၅-၂၀၂၆ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် စစ်ကိုင်းမြို့နယ်၌ ဆောင်းနှမ်းဧက ၄၀၃၅၀ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလအထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"လျာထားချက်ကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်နဲ့တစ်နှစ် တိုးတက်လာပါတယ်။ နှမ်းကို မိုးမှာ ထက်ဆောင်းမှာပဲ အဓိကထားစိုက်ပျိုးကြတာဖြစ်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိတယ်"ဟု စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးကပြောသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် မိုးနှမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၃-၁၀-၂၀၂၅(တနင်္လာနေ့)

၁။ ၀၉:၀၀ Sport News
၂။ ၁၁:၅၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်
၃။ ၁၅:၀၀ Jumping For You
၄။ ၁၆:၄၀ I Music
၅။ ၁၈:၂၀ ဂုဏ်ယူအလွမ်း
၆။ ၂၂:၂၀ Goodnight Listeners

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၁၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ကျန်းမာပြီး ဉာဏ်ရည်ကောင်းမွန်သောကလေးများဖြစ်စေရန်

> **"ကိုယ်ဝန်ဆောင်ချိန်တွင် မိခင်က အစားအသောက်မရှောင်ဘဲ အာဟာရပြည့်စုံစွာစားရန်လိုသည်။ ကလေးမွေးပြီးပါကလည်း မိခင်က အစားအသောက်မရှောင်ဘဲ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ပဲ၊ အသီးအနှံ စုံလင်စွာစားပေးသင့်သည်။ အစုံစားမှသာ မိခင်၏နို့ရည်ထဲတွင် အာဟာရများ ပြည့်ဝစွာပါဝင်ပြီး ကလေးကလည်း အာဟာရပြည့်ဝသည့် မိခင်နို့ကို သောက်သုံးနိုင်မည်ဖြစ်သည်။ သို့မှသာ ကျန်းမာသန်စွမ်းသည့်ကလေးအဖြစ် ပြုစုစောင့်ရှောက်နိုင်မည်ဖြစ်သည် . . ."**

ကျန်းမာပြီး ဉာဏ်ရည်ကောင်းမွန်သောကလေးများဖြစ်စေရန် ငယ်စဉ်ကတည်းက ကျန်းမာစွာပြုစုစောင့်ရှောက်နိုင်ရေးအတွက် မိဘများက ကျန်းမာရေးအသိပညာများ ပြည့်စုံနေရန် လိုအပ်သည်။ ကျန်းမာရေးအသိရှိမှသာ ကျန်းမာကြံ့ခိုင်သောကလေးများဖြစ်လာရန် ပြုစုပျိုးထောင်နိုင်မည်ဖြစ်သည်။

မိဘက ထိန်းသိမ်းစောင့်ရှောက်မှုနည်းလမ်းမကျပါက ကလေးမှာ အာဟာရချို့တဲ့ခြင်း၊ ကြီးထွားမှုနှေးကွေးခြင်း၊ ရောဂါဘယထူခြင်း၊ ဉာဏ်ရည်နှင့် ကိုယ်ရည်ကိုယ်သွေးထိခိုက်ခြင်းတို့ တွေ့ကြုံရနိုင်သည်။ ငယ်စဉ်ကတည်းက ကျန်းမာရေးချို့တဲ့သောကလေးသည် ကြီးပြင်းလာချိန်တွင် ဖောင်ဒေးရှင်းမကောင်းသောအဆောက်အအုံကဲ့သို့ အဘက်ဘက်မှ ယိုယွင်းကာ ကျန်းမာရေးချို့တဲ့နိုင်သည်။

ကျန်းမာပျော်ရွှင်သောကလေးဖြစ်ရန် သဘာဝအတိုင်းမွေးဖွားခြင်းက အကောင်းဆုံးဖြစ်သည်။ မိခင်က သဘာဝအတိုင်းမွေးဖွားပါက စောမွေးခြင်း၊ နောက်ကျမွေးခြင်း မဖြစ်တော့ပါ။

မိခင်နှင့်ကလေးအနေအထားမှန်ပါက သဘာဝအတိုင်းမွေးဖွားခြင်းက အကောင်းဆုံးနည်းလမ်းဖြစ်သည်။ မိခင်၏ရောဂါအခြေအနေကြောင့် ခွဲစိတ်မွေးရမည်ဆိုပါက အတတ်နိုင်ဆုံး နေ့စေ့လစေ့နီးပါးဖြစ်မှမွေးလျှင် ကလေးအတွက် စိတ်အချရဆုံးဖြစ်သည်။ နေမစေ့၊ လမစေ့၊ ပေါင်မပြည့်ဘဲမွေးလာသည့်ကလေးများက ကျန်းမာရေးအလွယ်တကူချွတ်ယွင်းနိုင်သည်။ ထို့ကြောင့် စောမွေးခြင်းမဖြစ်စေရေး မိခင်က သေချာစွာသတိထား၍ ကိုယ်ဝန်ကိုစောင့်ရှောက်ရန် လိုအပ်သည်။

ကိုယ်ဝန်ဆောင်ချိန်တွင် မိခင်က အစားအသောက်မရှောင်ဘဲ အာဟာရပြည့်စုံစွာစားရန်လိုသည်။ ကလေးမွေးပြီးပါကလည်း မိခင်က အစားအသောက်မရှောင်ဘဲ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ပဲ၊ အသီးအနှံ စုံလင်စွာစားပေးသင့်သည်။ အစုံစားမှသာ မိခင်၏နို့ရည်ထဲတွင် အာဟာရများ ပြည့်ဝစွာပါဝင်ပြီး ကလေးကလည်း အာဟာရပြည့်ဝသည့် မိခင်နို့ကို သောက်သုံးနိုင်မည်ဖြစ်သည်။ သို့မှသာ ကျန်းမာသန်စွမ်းသည့်ကလေးအဖြစ် ပြုစုစောင့်ရှောက်နိုင်မည်ဖြစ်သည်။ ကျန်းမာသန်စွမ်းသောကလေးအဖြစ် ပြုစုစောင့်ရှောက်နိုင်မှသာ အနာဂတ်တွင် ကျန်းမာကြံ့ခိုင်၍ ကာယ၊ ဉာဏဖွံ့ဖြိုးသည့်ကလေးများဖြစ်လာမည်ဖြစ်သည်။

မိဘများကိုယ်တိုင် ကျန်းမာရေးအသိ၊ ကျန်းမာရေးဗဟုသုတရှိမှသာ ကလေးကို ကောင်းစွာပြုစုနိုင်မည်ဖြစ်သည်။ ကလေးပြုစုရာတွင် မိရိုးဖလာအယူသီးမှုများကို ကိုယ်ပိုင်ကျန်းမာရေးအသိဖြင့်သာ ဖယ်ရှားနိုင်သည်။ အသီးအရွက်နှင့်ပဲမျိုးစုံကို မိခင်က စားသည့်အတွက် ကလေး လေထမည်၊ သန်ထမည်စသော ယုံတမ်းစကားကို လက်ဆင့်ကမ်းကြသောကြောင့် မိခင်ရောကလေးပါ အာဟာရချို့တဲ့နိုင်သည်။ မိခင်ကအစားရှောင်သည့်အတွက် အာဟာရချို့တဲ့ကာ ကလေးက နို့လည်းမဝ၊ နို့ရည်ကျဲနိုင်သည်။

ထို့ကြောင့် မိခင်ရောကလေးပါ ကျန်းမာစေရန် သန့်ရှင်းစွာချက်ပြုတ်ထားသော အသီးအရွက်၊ အသား၊ ငါး၊ အသီးအနှံ၊ ပဲအမျိုးမျိုးကို စုံလင်မျှတစွာ စားပေးရမည်ဆိုသည့် ကျန်းမာရေးအသိရှိရန် အလွန်အရေးကြီးသည်။

မိဘက ကလေး၏ထူးခြားမှုကိုကြည့်ကာ ကလေးနေမကောင်းခြင်း၊ အာဟာရမပြည့်ဝခြင်းတို့ကို ကိုယ်တိုင်အသိဉာဏ်ဖြင့်ဆုံးဖြတ်ကာ ကျန်းမာရေးစောင့်ရှောက်မှုကို စောစောပေးရန်လိုသည်။ ထိုသို့ကျန်းမာရေးအသိရှိရန်မှာ မိခင်ကိုယ်တိုင်က ကျန်းမာရေးအသိပညာပေးစာစောင်၊ မဂ္ဂဇင်းများကို ဖတ်ရှုလေ့လာသင့်သည်။ စာဖတ်ပါလျက် အသုံးမချတတ်ပါက ပြတင်းပေါက်မဖွင့်သောအိမ်ကဲ့သို့ ဖြစ်နေမည်။ မိမိ၏အတွေ့အကြုံဖြင့် ကောင်းစွာအသုံးချထိန်းကျောင်းသင့်သည်။ ကလေးအသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းဖြင့် လုံလောက်သည်။ ကလေးငိုတိုင်းတိုက်၊ ဆာတိုင်းတိုက်သင့်သည်။

ဖြည့်စွက်စာကို ကလေးအသက်ခြောက်လမှ နှစ်နှစ်အထိကျွေးသင့်သည်။ အသက်ခြောက်လမပြည့်မီ ကလေးဖျားခြင်း၊ ဝမ်းလျှောခြင်း၊ အန်ခြင်းရှိပါက ဆရာဝန်ညွှန်ကြားသည့် ဓာတ်ဆားရည်၊ ဝမ်းပိတ်ဆေးများကို တိုက်သင့်သည်။ ကလေးအသက်ခြောက်လအရွယ်တွင် ဝမ်းလျှောနေပါကလည်း ဓာတ်ဆားရည်တိုက်သင့်သည်။ မိခင်နို့ ဆက်၍တိုက်နိုင်သည်။

ကလေးအသက်ခြောက်လပြည့်ပါက ကလေးအတွက် မိခင်နို့ သို့မဟုတ် နို့ဘူးတိုက်ပါက တစ်မျိုးတည်းဖြင့် မလုံလောက်သည့်အတွက် ဖြည့်စွက်စာကျွေးသင့်သည်။ ထိုသို့ ဖြည့်စွက်စာကျွေးချိန်တွင် ကလေးက စားနေကျမဟုတ်၍ ငြင်းဆန်တတ်သည်။ စစချင်းတွင် ကလေးကို ဆန်ပြုတ်၊ ကလေးအာဟာရမှုန့်ကျွေးသင့်သည်။ ဆန်ပြုတ်တွင် အသားနုပ်နုပ်စဉ်းကာ ထည့်ပြုတ်ကျွေးသင့်သည်။ အသီးအရွက်၊ အသီးအနှံများ ထည့်ပြုတ်နိုင်သည်။ စွပ်ပြုတ်ဆိုပါကလည်း ကျဲကျဲပြုတ်ကာ ကျွေးသင့်သည်။ တစ်ရက်လျှင် ၄-၅ ကြိမ်ခန့် ကျွေးသင့်သည်။

အစာစားချိန်တွင် အစားသာဂရုတစိုက်ကျွေးကာ အာရုံမများစေရန် လေ့ကျင့်ပေးသင့်သည်။ အစာစားချိန်တွင် ကလေးက ကစားရင်းလည်း စားမည်။ ကစားသည့်နောက်လိုက်ကာ ကျွေးနေရသည်ဆိုလျှင် ကလေးငယ်၏အစာချေဖျက်မှုကို အဟန့်အတားဖြစ်စေသည်။ အချိန်ကုန်ပြီး အကျင့်လည်းပါသွားနိုင်သည်။ အစာစားချိန်နှင့် ကစားချိန်ကို စနစ်ကျရန် လေ့ကျင့်ပေးသင့်သည်။

ကလေးအသက် ခြောက်လပြည့်ကတည်းက အသား၊ အသီးအရွက်၊ ပဲ၊ အသီးအနှံစုံစွာ စနစ်တကျကျွေးသင့်သည်။ ကလေးအသက်တစ်နှစ်ပြည့်ပါက မိသားစုထမင်းဝိုင်းတွင် အတူစားတတ်ရန် လေ့ကျင့်ပေးသင့်သည်။ တချို့သောမိဘများက ကလေးအသက် ၂-၃ နှစ်အထိ ခွံ့ကျွေးတတ်ကြသည်။ ခွံ့ကျွေးခြင်းက ရေရှည်မကောင်းပါ။ ကလေးငယ်အား ကိုယ့်အားကိုယ်ကိုးသည့်အလေ့အကျင့်ဖြစ်ရန် လေ့ကျင့်ပေးသင့်သည်။ ထို့ကြောင့် ကလေးအသက်တစ်နှစ်အထိသာ ခွံ့ကျွေးသင့်သည်။ အသက်တစ်နှစ်ကျော်ပါက မိသားစုနှင့်အတူ ထမင်းဝိုင်းတွင် သူကိုယ်တိုင်ယူစားတတ်ရန် လေ့ကျင့်ပေးသင့်သည်။

ငယ်စဉ်ကတည်းက အာဟာရပြည့်ဝစေရန် စုံလင်စွာကျွေးမည်ဆိုပါက ကလေးက မည်သည့်အစားအစာမဆို စားတတ်သွားသည့်အတွက် ကျန်းမာဝဖြိုး၍ ကျန်းမာရေးပိုကောင်းစေမည်ဖြစ်သည်။ မိဘများအနေဖြင့် ကလေးကို ငယ်စဉ်ကတည်းက လက်ဖက်ရည်၊ ကော်ဖီ၊ အချိုရည်၊ သရေစာများကို အကျင့်လုပ်ကာ မကျွေးသင့်ပါ။ စားဖန်များပါက ကလေးတွင်သွားပိုးစားခြင်း၊ အဝလွန်ခြင်းတို့ ဖြစ်လာနိုင်သည်။

ကလေးကို ကာကွယ်ဆေးအားလုံး ထိုးနှံပေးထားသင့်သည်။ ကလေးအသက်နှစ်လ၊ လေးလ၊ ခြောက်လတွင် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါဘီ၊ ဦးနှောက်အမြှေးရောင်ငါးမျိုးစပ် ကာကွယ်ဆေးထိုးနှံသင့်သည်။ ကလေးအသက်နှစ်လနှင့် ၁၂ လတွင် တီဘီရောဂါကာကွယ်ဆေးထိုးနှံသင့်သည်။ အသက်ကိုးလနှင့် ၁၈ လတွင် ဝက်သက်ကာကွယ်ဆေးထိုးနှံသင့်သည်။ အသက် ၅-၁၄ နှစ်တွင် ဝက်သက်နှင့်ဂျိုက်သိုးရောဂါကာကွယ်ဆေး၊ ကလေးအသက် ၅-၁၈ နှစ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ အသက် ၈-၉ နှစ် အမျိုးသမီးငယ်များကို သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ထိုးနှံပေးသင့်သည်။

ကလေးများကြီးထွားမြန်စေရန် အစာအုပ်စုကြီးသုံးခုကို ညီညွတ်မျှတစွာစားစေသင့်သည်။ အစာအုပ်စုကြီးသုံးခုမှာ ကစီဓာတ်၊ အသားဓာတ်၊ အဆီဓာတ်တို့ဖြစ်ပြီး ဗီတာမင်နှင့်သတ္တုဓာတ်ပါဝင်သော ဟင်းသီးဟင်းရွက်ကိုလည်း မျှတစွာစားသုံးသင့်သည်။ မျှတစွာစားသုံးသောကလေးမှာ ကြီးထွားနှုန်းပုံမှန်ရရှိသည်။ ပိန်နေသောကလေးကို အသား၊ အသီးအရွက်၊ ပဲမျိုးစုံ၊ အသီးအနှံမျိုးစုံ မကြာခဏ အကြိမ်ရေတိုးကာ ကျွေးသင့်သည်။ ဝလွန်းသည့်ကလေးကို ကစီဓာတ်များသော အာလူး၊ ပိန်းဥ၊ ကန်စွန်းဥ၊ ထမင်း၊ ဂျုံဖြင့် ပြုလုပ်ထားသောအစားအစာကို လျှော့ကျွေးသင့်သည်။ ဗိုက်ပြည့်လွယ်ရန် အသီးအရွက်၊ အသီးအနှံများ ပိုကျွေးသင့်သည်။ ဆီကြော်မုန့်၊ အသင့်စားအစားအစာ၊ အကြော်စာများ ရှောင်သင့်သည်။ အစာအုပ်စုကြီးသုံးမျိုးကို ညီညွတ်မျှတစွာကျွေးပါက ပုံမှန်ဖွံ့ဖြိုးကျန်းမာသော၊ ဉာဏ်ရည်ကောင်းမွန်သောကလေးများဖြစ်လာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

*ဒေါက်တာလွင်သန့်*

---

# ကျောက်ဆည်မြို့၌ တက္ကသိုလ်များရှိ ဘာသာရပ်ဆိုင်ရာ မိတ်ဆက်ပွဲကျင်းပ

ကျောက်ဆည် အောက်တိုဘာ ၁၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်များရှိ ဘာသာရပ်ဆိုင်ရာမိတ်ဆက်ပွဲ အခမ်းအနားကို အောက်တိုဘာလ ၁၁ ရက်က ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် ပညာရေးမှူး ဒေါက်တာဥမ္မာကြည်က Grade-12 အောင်မြင်ပြီးသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အဆင့်မြင့်တက္ကသိုလ်များ၌ ဆက်လက်ပညာသင်ယူရာတွင် မိမိတို့ရွေးချယ်လိုသည့်ဘာသာရပ်များ ရွေးချယ်နိုင်ရေး ဘာသာရပ်ဆိုင်ရာ မိတ်ဆက်ပွဲအခမ်းအနားကျင်းပရခြင်းဖြစ်ကြောင်းပြောကြားပြီး ကျောက်ဆည်တက္ကသိုလ်မှ ဌာနအသီးသီးရှိ ပါမောက္ခ(ဌာနမှူး)များဖြစ်ကြသည့် ဒေါက်တာနီလာကြည်က မြန်မာစာဘာသာရပ်၊ ဒေါက်တာချယ်ရီဦးက အင်္ဂလိပ်စာဘာသာရပ်၊ ဒေါက်တာခင်လှကြည်က သင်္ချာဘာသာရပ်၊ ဒေါက်တာကေသီမြင့်သူက ဓာတုဗေဒဘာသာရပ်၊ ဒေါက်တာသန်းသန်းဆွေက ရူပဗေဒဘာသာရပ်၊ ဒေါက်တာ လှဲ့လှဲ့ထွန်းက သတ္တဗေဒဘာသာရပ်၊ ဒေါက်တာပြုံးရီက ရုက္ခဗေဒဘာသာရပ်၊ ဒေါက်တာသက်ခိုင်က ပထဝီဘာသာရပ်၊ ဒေါက်တာခိုင်ခိုင်မွန်က ဘူမိဗေဒဘာသာရပ်၊ ဒေါက်တာမြင့်မြင့်ဌေးက သမိုင်းဘာသာရပ်၊ ဒေါက်တာမျိုးသန္တာကျော်က ဥပဒေဘာသာရပ်၊ ဒေါက်တာပပအောင်က အရှေ့တိုင်းပညာဘာသာရပ်၊ ဒေါက်တာအိဇာခြည်ဝင်းက ဒဿနိကဗေဒဘာသာရပ် စသည့်ဘာသာရပ်များ သင်ကြားရခြင်း၏ အကျိုးကျေးဇူးများအကြောင်း ပြောကြားသည်။

ယင်းဘာသာရပ်မိတ်ဆက်ပွဲအခမ်းအနားသို့ ကျောက်ဆည်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များရှိ Grade-12 တက်ရောက်ပညာသင်ယူနေသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဘာသာရပ်ဆွေးနွေးပွဲကြီးကြပ်ဆရာ၊ ဆရာမများ တက်ရောက်ကြကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ပဲခူး အောက်တိုဘာ ၁၂

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ အောက်တိုဘာလ ၁၁ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားပြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက မဲစာရင်းမှန်ကန်စေရေး မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိမှုအခြေအနေကိုလည်းကောင်း၊ တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခဲ့မှုအခြေအနေများကိုလည်းကောင်း၊ အစိုးရအဖွဲ့အတွင်းရေးမှူးက မြို့နယ်အလိုက် မဲစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့ မြို့သစ်ရပ်ကွက် မြို့မဈေးကြီးနှင့် အမှတ်(၂)ရပ်ကွက်များသို့ သွားရောက်၍ မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းလာရောက်ကြည့်ရှုနေမှုနှင့် မဲပေးစက်အသုံးပြုပုံသရုပ်ပြခြင်းတို့အား လှည့်လည်ကြည့်ရှုအားပေးကြောင်း သိရသည်။

အလားတူ အုတ်တွင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားမှုအခြေအနေများအား အောက်တိုဘာလ ၁၁ ရက် နံနက်ပိုင်းတွင် အုတ်တွင်းမြို့ပေါ်ရပ်ကွက်များသို့ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

အုတ်တွင်းမြို့ပေါ်ရှိ ကြက်သွန်ခင်း(၁) ရပ်ကွက်နှင့်ဈေးရပ်ကွက်များတွင် မဲစာရင်းများကြေညာထားရှိမှုအခြေအနေများအား စစ်ဆေး၍ ပြည်သူများမဲစာရင်းတွင် ပါ/မပါကြည့်ရှုနေမှုများအား တာဝန်ရှိသူများကတွေ့ဆုံ၍ မဲစာရင်းတွင်မပါဝင်သူများအား ပုံစံ(၃)ဖြင့် လျှောက်ထားရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်(ပဲခူးတိုင်းဒေသကြီးတာဝန်ခံ) ဦးအောင်မြင့်လွင် ဦးဆောင်သည့်အဖွဲ့ဝင်များက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားတွေ့ဆုံ၍ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲစာရင်းတွင် မပါဝင်သေးသူများ ပါဝင်ဆန္ဒမဲပေးနိုင်ရေး၊ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိလာသည့် ပြည်သူများအား ဆန္ဒမဲပေးနိုင်ရေး၊ သေဆုံးစာရင်းများ မဲအမည်စာရင်းမှပယ်ဖျက်နိုင်ရေး စသည့်အချက်အလက်များ မှန်ကန်မှုရှိစေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်ကြရန် ရှင်းလင်းမှာကြားကြောင်း သိရသည်။

(၄၁၀)၊ ဥဿာတိုင်းသား

# မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာအသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်

မြိတ် အောက်တိုဘာ ၁၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စလွန်းကျေးရွာရှိ မူလတန်းကျောင်း၌ အောက်တိုဘာလ ၁၁ ရက် နံနက်ပိုင်းတွင် မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာအသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြိတ်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌဦးဝင်းမောင်က ရွေးကောက်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး နည်းပြ ဦးသန်းဝင်းက မဲပေးစက်အသုံးပြုနည်းများနှင့် မဲပေးသည့်ပုံစံများအား အသိပညာပေးရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် စလွန်းကျေးရွာအုပ်စုအတွင်းမှ မဲဆန္ဒရှင်ပြည်သူများက လက်တွေ့စမ်းသပ်မဲပေးခြင်းများဆောင်ရွက်ကြကြောင်း သိရသည်။



(၄၁၂)


MWD Education, Knowledge & Sports Channel

၁၃-၁၀-၂၀၂၅(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၄၀ | Grade - 6 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၄၅ | Grade - 6 | အင်္ဂလိပ်စာ၊ သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ | ၁၆:၄၅ - ၁၈:၀၅ | Grade - 6 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |
| ၄။ | ၁၈:၀၅ - ၁၈:၄၀ | Grade - 3 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၅။ | ၁၈:၄၀ - ၁၉:၃၀ | Grade - 3 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |


## သုခုမပန်တျာ

❖ မြန်မာ့မူဟန် ဇာတိမာန်
ရှင်သန်ဗီဇ ထုတ်ဖော်ပြ။
ဆို၊ က၊ ရေး၊ တီး နိဿရည်း
ပွဲကြီးဆင်ယင်ကြ။

❖ ပျော်ပျော်ရွှင်ရွှင် ပြိုင်ပွဲဝင်
ကြည်လင်ပီသ သီဆိုကြ။
ဂီတသံစဉ် တေးနုယဉ်
နားဝင်ချိုသာလှ။

❖ ကကြိုးစုံလင် ပြိုင်ပွဲဝင်
အစဉ်အဆက် စံမပျက်။
ခြေလက်ခါးခေါင်း လွန်ပျော့ပျောင်း
နွဲ့နှောင်းညင်သာညက်။

❖ တေတျောထံတျာ သံစဉ်ရှာ
ကာရန်ညီရွေး သီကာရေး။
တေးရေးတေးသား အတွေးပွား
တေးသွားမှန်တယ်လေး။

❖ ကြေးကြိုးသရေ လက်ခုပ်လေ
ငါးထွေပဉ္စ တီးမှုတ်ရ။
ပီသချိုကြည် သံစဉ်ညီ
နရီစည်းဝါးကျ။

❖ မြန်မာ့လက်ရာ သိမ်မွေ့တာ
ပန်တျာဂီတ သုခုမ။
ဆို၊ က၊ ရေး၊ တီး ပွဲတော်ကြီး
ချီးမြှင့်အားပေးကြ။

❖ မြန်မာ့ရိုးရာ လက္ခဏာ
ကြည်သာချိုအေး လှယဉ်ကျေး။
ဓလေ့ထုံးစဉ် မြတ်နိုးခင်
ရှင်သန်ဂုဏ်ရည်မွေး။

❖ အနုပညာ ထိန်းသိမ်းကာ
မြန်မာတို့ရဲ့ ဇာတိသွေး။
မူဟန်မပျက် စံမပျက်
ဆက်လက်တည်တံ့ရေး။

❖ ဘိုးဘွားအမွေ တိုးပွားစေ
မျှဝေနိုင်ရေး စီစဉ်ပေး။
ရေရှည်ကောင်းကျိုး ဆောင်သယ်ပိုး
မျိုးဆက်သစ်တွေမွေး။ ။

**မောင်ကျော်(ပညာရေး)**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းများကြေညာ


၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာလ ၃၀ ရက်မှ အောက်တိုဘာလ ၂၀ ရက်အထိ နိုင်ငံတစ်ဝန်းမြို့နယ်များရှိ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ထုတ်ပြန်ကြေညာထားရာ မဲဆန္ဒရှင်ပြည်သူများလာရောက်ကြည့်ရှုလျက်ရှိသည်။


ဓနုဖြူမြို့နယ်
အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)


သင်္ဃန်းကျွန်းမြို့နယ်
ဇော်မိုး(သင်္ဃန်းကျွန်း)


အင်းစိန်မြို့နယ်
ထွန်းလင်းကျော်(ပြန်/ဆက်)


လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်
ခင်ဝင်းမူ(ပြန်/ဆက်)


ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်
အေးမဉ္ဇူ


ပေါင်းတည်မြို့နယ်
ရွှေသား(IPRD)

# မိုင်းဖြတ်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ လွယ်ကူစွာမဲပေးနိုင်ရေး အသိပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်

မိုင်းဖြတ် အောက်တိုဘာ ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဆိုင်ရာ သိကောင်းစရာများနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အိုက်ငို့အုပ်စု ဟာကြားဟုန်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ ထိုသို့အသိပညာပေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုးက လက်တွေ့စမ်းသပ်မဲပေးခြင်းနှင့်စပ်လျဉ်း၍ အမှာစကားများ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံးမှ ဦးစီးအရာရှိ ဦးအောင်မြတ်မိုးက မြန်မာအီလက်ထရောနစ်မဲပေးစက်အကြောင်းသိကောင်းစရာများ၊ စမ်းသပ်မဲပေးပုံအဆင့်ဆင့်တို့ကို လက်တွေ့ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကျေးရွာနေပြည်သူများက စမ်းသပ်မဲပေးခြင်းများကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ကြသည်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မကြာမီကျင်းပတော့မည်ဖြစ်ရာ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် ပြည်သူများ လွယ်ကူလျင်မြန်စွာမဲပေးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ပြီး ကျန်ရှိနေသည့် ကျေးရွာများသို့ ဆက်လက်၍ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သန်းထွန်းအေး(မိုင်းဖြတ်)



# ဂိုဏ်းပေါင်းစုံ သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းဆင်းအောင်လက်မှတ် ဆက်ကပ်ချီးမြှင့်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ



ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့က ကြီးမှူးကျင်းပသည့် ဂိုဏ်းပေါင်းစုံ သံဃနာယကနှင့်ဝိနည်းဓိုရ်သင်တန်းဆင်းအောင်လက်မှတ် ဆက်ကပ်ချီးမြှင့်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီးရှိ တပ်မတော်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှူးပြုသည့် သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းဩဝါဒါစရိယဆရာတော်ကြီးများ၊ တိုင်းဒေသကြီး သံဃနာယကဆရာတော်ကြီးများ၊ မြို့နယ်များမှ သံဃနာယကဆရာတော်များနှင့်သင်တန်းသားဆရာတော်များကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ရန်ကုန်မြို့ရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင်ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌက သင်တန်းမှူးဆရာတော်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ၊ သင်တန်းသား ဆရာတော်များအား မြို့နယ်အလိုက် သင်တန်းဆင်းလက်မှတ်များ ဆက်ကပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ရန်ကုန်မြို့ရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များနှင့်အလှူရှင်များက သင်တန်းဩဝါဒါစရိယဆရာတော်များ၊ သင်တန်းနည်းပြဆရာတော်များနှင့် သင်တန်းသားဆရာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ဘယ်လာရုစ်နိုင်ငံမှဖျော်ဖြေရေးအဖွဲ့ ရန်ကုန်မြို့တွင်း လေ့လာကြည့်ရှု

ရန်ကုန် အောက်တိုဘာ ၁၂

မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် ဘယ်လာရုစ်နိုင်ငံမှ တေးဂီတပညာရှင်နှင့် တေးရေး/တေးဆို Mr.Vladimir Sukolinsky ဦးဆောင်သော ဖျော်ဖြေရေးအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့တွင်းရှိ အထင်ကရနေရာများကို သွားရောက်လေ့လာကြည့်ရှုကြသည်။

ဦးစွာ အမျိုးသားပြတိုက်၌ မင်းခမ်းတော်ပစ္စည်းပြခန်းများအပါအဝင် ခင်းကျင်းပြသထားသည်များကို ကြည့်ရှုလေ့လာပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက်လေ့လာကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ဝယ်ယူကြသည်။

ယင်းနောက် ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီးအား လည်းကောင်း၊ ခြောက်ထပ်ကြီးဘုရားအား လည်းကောင်း သွားရောက်ကြည်ညိုလေ့လာကြပြီး ဘုရားဖူးပြည်သူများနှင့်အတူ ပျော်ပျော်ရွှင်ရွှင်အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ထို့အတူ ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃)သို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုလေ့လာကြသည်။

အဆိုပါအဖွဲ့သည် ယမန်နေ့ညပိုင်းက အမျိုးသားဇာတ်ရုံ၌ ဖျော်ဖြေတင်ဆက်မှုများ ဆောင်ရွက်ခဲ့ပြီး ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ သီတင်းကျွတ်ကာလအထိမ်းအမှတ် မီးရောင်စုံအလှထွန်းညှိထားမှုများကို သွားရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

ထို့အတူ အောက်တိုဘာလ ၅ ရက် ညပိုင်းတွင် မန္တလေးမြို့တော်ခန်းမ၌ လည်းကောင်း၊ အောက်တိုဘာလ ၆ ရက် ညပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ လည်းကောင်း၊ အောက်တိုဘာလ ၁ဝ ရက်တွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၌ လည်းကောင်း ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး နေပြည်တော်တွင် မြန်မာ-ရုရှား-ဘယ်လာရုစ် သုံးနိုင်ငံ ပူးပေါင်းဖျော်ဖြေတင်ဆက်မှုအစီအစဉ်ကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

မြဝတီ






# နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်အား ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း စစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၂

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ လေဆိပ် Operator ဖြစ်သည့် Pioneer Aerodrome Service – PAS မှ တာဝန်ရှိသူများနှင့်အတူ လေယာဉ်ပြေးလမ်း ဝဲ/ယာ တစ်လျှောက် မြက်ဖြတ်ထားရှိမှု၊ ကိုင်း/ချုံပင်များ ရှင်းလင်းထားရှိမှုနှင့် လေဆိပ်ခရီးသည် Terminal အတွင်း ပြည်တွင်းခရီးသွားများ ဆိုက်ရောက်/ထွက်ခွာ အသုံးပြုလျက်ရှိသည့် Check in Counter များ၊ X-Ray စက်များ၊ Toilet များ၊ ခရီးသည်ထိုင်ခုံများ စနစ်တကျရှိ၊ မရှိကို လိုက်လံစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက လေယာဉ်ချဉ်းကပ် ဆင်းသက်လာစဉ် လေယာဉ်ပြေးလမ်း ဝဲ/ယာ တစ်လျှောက် သတ်မှတ်ချက်နှင့်အညီ မြက်ဖြတ်ခြင်း ဆောင်ရွက်ထားရန်၊ ချုံ/ကိုင်းပင်များ ခုတ်ထွင်ရှင်းလင်းခြင်း ဆောင်ရွက်ထားရန်၊ မြက်ဖြတ်စများကို တစ်ပါတည်းရှင်းလင်းဆောင်ရွက်သွားရန်၊ ပြေးလမ်းအမှတ်အသားများ သတ်မှတ်ချက်နှင့်အညီ ပြန်လည်ရေးဆွဲဆောင်ရွက်ထားရန်၊ နေ့/ည အသုံးပြုသည့် လေယာဉ်ကွင်းဖြစ်သည့်အတွက် ပြေးလမ်းမီးများ အစဉ်ကောင်းမွန်နေစေရေး၊ လေယာဉ်ကွင်း အထောက်အကူပြုပစ္စည်းများကောင်းမွန်နေစေရေး အထူးဂရုပြုဆောင်ရွက်သွားရန်နှင့်ခရီးသည် Terminal တွင် အသုံးပြုလျက်ရှိသည့် X-Ray စက်များ အစဉ်ကောင်းမွန်နေစေရေး၊ ခရီးသည်များ အသုံးပြုသည့် Toilet များ သန့်ရှင်းကောင်းမွန်နေစေရေးနှင့် ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် လုံခြုံစိတ်ချစွာသွားလာနိုင်ရေးတို့အတွက် လိုအပ်ချက်ရှိသည်များကို တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ပြုပြင်ဆောင်ရွက်ပေးသွားရန် မှာကြားခဲ့ကြောင်း သိရသည်။



မြဝတီ

## ထူးခြားသည့် နေ့အပူချိန်များ

၁၂-၁၀-၂၀၂၅

| | | | | |
|---|---|---|---|---|
| မြင်းမူ | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဂန့်ဂေါ | ၃၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ပြည် | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၃၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် (လွန်ကျော်) | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| သာယာဝတီ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ရွှေဘို | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဘားအံ (စိုက်ပျိုးရေးမိုးလေဝသ) | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

# လွိုင်ကော်တက္ကသိုလ်တွင်တာဝန်ထမ်းဆောင်ကြမည့် ဆရာ/ဆရာမများနှင့် ဝန်ထမ်းများအား ကယားပြည်နယ်ဝန်ကြီးချုပ် တွေ့ဆုံအားပေး၊ ငွေပဒေသာပင်၊ ချီးမြှင့်ငွေနှင့် အခြေခံစားကုန်များပေးအပ်

လွိုင်ကော် အောက်တိုဘာ ၁၂

ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား အောက်တိုဘာလ ၁၃ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ တာဝန်ထမ်းဆောင်ကြမည့် သင်ကြားရေးဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများကို တွေ့ဆုံအားပေးစကားပြောကြားခြင်း၊ ငွေပဒေသာပင်၊ ချီးမြှင့်ငွေနှင့်အခြေခံစားကုန်များပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်တက္ကသိုလ်စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ လွိုင်ကော်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ တက္ကသိုလ်/ကောလိပ်/သိပ္ပံကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ပြည်နယ်အဆင့်တာဝန်ရှိသူများ၊ လွိုင်ကော်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ကြမည့် ပါမောက္ခများ၊ ကထိကများ၊ နည်းပြများနှင့် ဝန်ထမ်းများ၊ အထောက်အကူပြုအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှု၊ ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ဒေသခံကျောင်းသား၊ ကျောင်းသူများကို စိတ်အေးချမ်းသာစွာ မိမိဒေသတွင် တက္ကသိုလ်ပညာပြန်လည်သင်ကြားနိုင်ရေး၊ ပညာရေးနောက်ကျကျန်ရစ်မှုမရှိစေရေး လွိုင်ကော်တက္ကသိုလ်အား ပြန်လည်ဖွင့်လှစ်နိုင်ရန် ဇွန်လ ၅ ရက်မှစ၍ စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ လွိုင်ကော်တက္ကသိုလ်တွင် သင်ကြားနိုင်ရန် အသင့်အနေအထားရှိပြီဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် မိမိတာဝန်များကိုကျေပွန်အောင်ထမ်းဆောင်ကြရန်နှင့် လိုအပ်ချက်များ၊ အခက်အခဲများရှိပါက တင်ပြပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမင်းသောင်က တက္ကသိုလ် ဖွင့်လှစ်မည့်အခြေအနေများ၊ ဝန်ထမ်းများပြန်လည်ရောက်ရှိ တာဝန်ထမ်းဆောင်မှု၊ စာသင်ဆောင်များ၊ စာကြည့်တိုက်၊ တက္ကသိုလ်ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ အိပ်ဆောင်များ၊ ကျောင်းသုံးပရိဘောဂနှင့် အသုံးအဆောင်များ ဖြည့်တင်းထားရှိမှု၊ တက္ကသိုလ်ဓမ္မာရုံနှင့် အားကစားကွင်းပြင်ဆင်ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က တက္ကသိုလ်အတွက် ငွေပဒေသာပင်နှင့် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ ဒုတိယပါမောက္ခချုပ်က လည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီးတို့က ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်စသည့် အခြေခံစားသောက်ကုန်များကိုပေးအပ်ရာ ဝန်ထမ်းကိုယ်စားလှယ်များကလည်းကောင်း လက်ခံရယူကာ ဝန်ထမ်းများ၏တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဆောင်ရွက်ပေးသွားမည့်အခြေအနေများကို ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်တက္ကသိုလ် ပင်မဆောင်ဆောင်ရွက်ပြီးစီးမှု၊ တက္ကသိုလ်စာကြည့်တိုက်တွင်ကျောင်းသား၊ ကျောင်းသူများ စာပေလေ့လာဖတ်ရှုနိုင်ရန် ရည်ညွှန်းစာဖတ်ခန်း၊ စာဖတ်ခန်းနှင့် စာအုပ်ခင်းကျင်းထားသိုမှု၊ တာဝန်ထမ်းဆောင်ကြမည့် ပါမောက္ခ၊ ကထိက၊ နည်းပြများ၏အိပ်ဆောင်များ၌ နေရာချထားမှုများ၊ တက်ရောက်ပညာသင်ကြားမည့်ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာပညာသင်ကြားနိုင်ရေးအတွက် ကျောင်းသား၊ ကျောင်းသူများ၏အိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်းနှင့် စားရိပ်သာများပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ စာသင်ခန်းများ၊ Theatre များ၊ ပရိဘောဂများ၊ သန့်စင်ခန်းများပြင်ဆင်ထားရှိမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

၂၀၂၅ ပညာသင်နှစ်လွိုင်ကော်တက္ကသိုလ် (အဝေးသင်သင်တန်း) ဒုတိယသုတ်နှင့် တတိယသုတ် အနီးကပ်သင်တန်းနှင့် စာမေးပွဲကို လွိုင်ကော်တက္ကသိုလ်တွင် တက်ရောက်ဖြေဆိုရမည်ဖြစ်ပြီး ဒုတိယသုတ်ကို အောက်တိုဘာလ ၁၃ ရက်မှ ၂၂ ရက်အထိလည်းကောင်း၊ တတိယသုတ်ကို နိုဝင်ဘာလ ၁ ရက်မှ ၁၁ ရက်အထိ လည်းကောင်း အနီးကပ်သင်တန်းပို့ချဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## သရက်မြို့နယ်၌ မဲဆန္ဒရှင်စာရင်းများနှင့် Call Centre ဖွင့်လှစ်ထားရှိ

သရက် အောက်တိုဘာ ၁၂

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများ ပထမအကြိမ်ကပ်ထားကြေညာထားရှိမှုအား သရက်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ယမန်နေ့မွန်းလွဲ ၁၂ နာရီခွဲက မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၌ကြေညာထားရှိမှုအား လိုက်လံကြည့်ရှုခဲ့သည်။

ထို့နောက် သရက်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ခရိုင်ကော်မရှင်အဖွဲ့ခွဲရုံးနှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတို့၌ Call Centre ဖွင့်လှစ်ထားရှိမှုနှင့် ရွေးကောက်ပွဲကာလတွင် မသမာသူများက ဆက်သွယ်ဆောင်ရွက်မှုများကို ဥပဒေနှင့်အညီအရေးယူနိုင်ရေးအတွက် လိုအပ်သည်များကိုကြိုတင်ဆောင်ရွက်ထားရှိရန်၊ နေ့စဉ်မှတ်တမ်းများကိုလည်း ပြည့်စုံစွာထားရှိမှတ်တမ်းတင်ကြရန်၊ ရွေးကောက်ပွဲအောင်အောင်မြင်မြင်ပြီးမြောက်ရေးသည် အဓိကဖြစ်၍ အလေးထားညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အရေးကြီးကိစ္စများရှိလျှင် အချိန်နှင့်တစ်ပြေးညီတင်ပြပေးကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဇော်ထက်(သရက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၁၀-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၃၀ | ၂၈၄၀ | ၂၈၁၀ | ၂၇၄၅ | ၂၈၅၀ | ၂၈၆၅ | ၂၈၈၀ | ၂၈၀၀ | ၄၅၀၅ | ၃၀၉၅ | ၂၈၁၅ | ၂၈၅၇ | ၂၉၉၀ | ၂၈၅၅ | ၂၈၇၅ | ၃၃၃၀ |
| 95 Ron | ၂၈၀၀ | ၂၉၁၅ | ၂၈၈၀ | ၂၈၁၅ | ၂၉၂၀ | ၂၉၃၅ | ၂၉၅၀ | ၂၈၇၀ | ၄၅၆၀ | ၃၁၆၅ | ၂၈၉၀ | ၂၉၂၂ | ၂၉၆၀ | ၂၉၂၅ | ၂၉၄၅ | ၃၂၀၅ |
| HSD (500 ppm) | ၂၅၀၅ | ၂၆၁၅ | ၂၅၈၅ | ၂၅၁၅ | ၂၆၂၅ | ၂၆၄၀ | ၂၆၅၅ | ၂၅၇၅ | - | ၂၈၆၅ | ၂၅၉၀ | ၃၀၉၆ | ၂၆၆၅ | ၂၆၂၅ | ၂၆၅၀ | ၂၉၀၅ |
| HSD (50 ppm) | ၃၀၅၀ | ၃၁၆၅ | ၃၃၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၈၅ | ၃၂၀၅ | ၃၁၂၀ | ၄၈၃၀ | ၃၄၁၅ | ၃၁၄၀ | ၃၂၀၈ | ၃၂၁၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |
| HSD (10 ppm) | ၃၀၅၀ | ၃၁၆၅ | ၃၃၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၈၅ | ၃၂၀၅ | ၃၁၂၀ | - | ၃၄၁၅ | ၃၁၄၀ | ၃၂၀၈ | ၃၂၁၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၆၈ | ၂၆၅၃ |
| 95 Ron | ၂၆၃၆ | ၂၇၂၃ |
| HSD (500 ppm) | ၂၃၄၉ | ၂၄၃၅ |
| HSD (50 ppm) | ၂၈၈၀ | ၂၉၆၇ |
| HSD (10 ppm) | ၂၈၈၀ | ၂၉၆၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၅၈၅ ဖြစ်ကြောင်းထုတ်ပြန်

နေပြည်တော် အောက်တိုဘာ ၁၂

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသောစားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၃ ရက်မှ ၁၉ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၅၈၅ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့်ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင်ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်းသိရှိရသည်။ မြဝတီ

# ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးဖြင့် အနာဂတ်ကိုပုံဖော်ကြပါစို့

ဇော်မျိုးမင်း

၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်သည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုသမိုင်းတစ်လျှောက်တွင် အလွန်အရေးကြီးသည့် နေ့တစ်နေ့အဖြစ် မှတ်တမ်းတင်ကျန်ရှိနေဦးမည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement (NCA))(၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ဖြစ်သည်။ NCA သည် လွန်ခဲ့သော ၁၀ နှစ်တာကာလ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်ရှစ်ဖွဲ့တို့သည် နိုင်ငံတကာအသိသက်သေများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ EU နှင့် UN တို့မှ သံတမန်များ၊ ပြည်တွင်းအသိသက်သေများရှေ့မှောက်တွင် ခမ်းနားထည်ဝါစွာလက်မှတ်ရေးထိုးခဲ့ကြသည်။ ဤသို့ဖြင့် အစပြုခဲ့သော ငြိမ်းချမ်းရေးလမ်းကြောင်းသည်တိုက်ပွဲနယ်မြေများတွင် သေနတ်သံများရပ်စဲသွားရုံသာမက အနာဂတ်တွင် နိုင်ငံရေးဆွေးနွေးပွဲများကို တည်ငြိမ်စွာဆက်လက်လုပ်ဆောင်နိုင်ရန် အခြေခံအကျဆုံးအရာတစ်ခုဖြစ်လာခဲ့သည်။

## NCA (၁၀)နှစ်ပြည့် ဆောင်ပုဒ်နှင့် Theme

NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် အလုပ်ရုံဆွေးနွေးပွဲဆောင်ပုဒ်အဖြစ် "NCA မှသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖြင့် အနာဂတ်ကိုပုံဖော်မည်" ဟု သတ်မှတ်ထားပြီး "မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသာယာသော အနာဂတ်တည်ဆောက်ရန်အတွက် ဆက်လက်ဆောင်ရွက်ရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဖော်ထုတ်ခြင်း" Theme ဖြင့် ကျင်းပဆောင်ရွက်မည်ဖြစ်သည်။ "NCA မှသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖြင့် အနာဂတ်ကိုပုံဖော်မည်" ဟူသော ဆောင်ပုဒ်သတ်မှတ်ထားခြင်းသည် အလွန်နက်နဲသောသဘောတရားများ ပါဝင်နေသည်။ ငြိမ်းချမ်းရေးဆိုသည်မှာ တိုက်ပွဲမရှိခြင်းသာမက လူထုအားလုံးအတွက် ယုံကြည်မှု၊ တရားမျှတမှု၊ ညီညွတ်မှုကို အခြေခံထားသည့် နိုင်ငံရေး၊ လူမှုရေးစနစ်တစ်ရပ်ကို ဖန်တီးရန်ရည်ရွယ်ထားခြင်းဖြစ်သည်။ NCA (၁၀)နှစ်ပြည့်အခမ်းအနားသည် အခမ်းအနားသက်သက် မဟုတ်ဘဲ သမိုင်းကြောင်းကို ပြန်လည်သတိရစေသည့် အမှတ်တရတစ်ခုလည်း ဖြစ်သည်။

## NCA သမိုင်းနောက်ခံ

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် နိုင်ငံတစ်ဝန်း အေးအတူပူအမျှ ယှဉ်တွဲနေထိုင်ခဲ့ကြသော်လည်း နယ်ချဲ့အင်္ဂလိပ်တို့၏ Rule and Divide ခေါ် သွေးခွဲအုပ်ချုပ်မှုစနစ်ကြောင့် တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲပြားမှုများ စတင်ဖြစ်ပေါ်ခဲ့ပြီး လက်နက်ကိုင်ဆူပူသောင်းကျန်းမှုများ စတင်ဖြစ်ပေါ်လာခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံသည် ဒုတိယကမ္ဘာစစ်၌စစ်တလင်းဖြစ်ခဲ့ရပြီး စစ်ကြွင်းစစ်ကျန်မှ လက်နက်ခဲယမ်းများသည်လည်း လက်နက်ကိုင်ဆူပူသောင်းကျန်းမှုကိုစတင်စေခဲ့ပြီး လွတ်လပ်ရေးနှင့်အတူ ကိုလိုနီအမွေဆိုးအဖြစ် ပြည်တွင်းသောင်းကျန်းမှုများ စတင်ပေါ်ပေါက်လာစေခဲ့သည်။ ထိုမှတစ်ဆင့် အစိုးရအဆက်ဆက်သည် ပြည်တွင်းသောင်းကျန်းမှုပဋိပက္ခများ ချုပ်ငြိမ်းစေရန် ပြည်တွင်းလက်နက်ကိုင်အဖွဲ့များအား နည်းလမ်းမျိုးစုံဖြင့် ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ၁၉၈၈ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ဖိတ်ခေါ်ကမ်းလှမ်းမှုနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဖိတ်ခေါ်ကမ်းလှမ်းမှုအရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး ၁၇ ဖွဲ့နှင့် အဖွဲ့ငယ် ၂၃ ဖွဲ့တို့သည် ၁၉၈၉ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း တရားဥပဒေဘောင်အတွင်းသို့ဝင်ရောက်၍ ငြိမ်းချမ်းရေးယူခဲ့ကြသည်။

## NCA ၏ အဓိကရည်ရွယ်ချက်

NCA ကို အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တိုက်ရိုက်လက်မှတ်ရေးထိုးခဲ့သော်လည်း ယင်းသည်သာမန် "ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်" အနေဖြင့် သာမက နိုင်ငံတကာအသိုက်အဝန်းကလည်း လက်ခံနိုင်မည့် ငြိမ်းချမ်းရေးလမ်းကြောင်းတစ်ခုအဖြစ် ရည်ရွယ်ထားခြင်းဖြစ်သည်။ NCA ၏ အဓိကရည်ရွယ်ချက်များတွင် တိုက်ပွဲရပ်တန့်စေရန်နှင့် ငြိမ်းချမ်းရေးစတင်ရန်၊ အခြေခံအဆင့်အနေဖြင့် စစ်ပွဲများမဖြစ်ပွားစေရန်အတွက် သေချာအောင်လုပ်ဆောင်ရန်၊ တိုက်ပွဲမဖြစ်တော့မှသာ အမှန်တကယ်နိုင်ငံရေးအကြောင်းကို အေးဆေးစွာဆွေးနွေးနိုင်မည်ဖြစ်၍ နိုင်ငံရေးဆွေးနွေးပွဲများအတွက်အခြေအနေကောင်းများကိုဖန်တီးပေးရန်၊ တိုက်ပွဲများကြောင့် လုံခြုံမှုမရှိသည့်ရပ်ရွာများတွင် လုံခြုံရေးပြန်လည်တည်ဆောက်ပေးခြင်းဖြင့် လူထုအတွက် လုံခြုံစိတ်ချရသောဘဝများကို အာမခံချက်ရှိစေရန်၊ တိုင်းရင်းသားအားလုံးအတွက် အခွင့်အလမ်းများ သာတူညီမျှရရှိစေရန်အတွက် ညီညွတ်မျှတမှုကိုအခြေခံသည့် တိုင်းရင်းသားအရေးမူဘောင်တစ်ခုတည်ဆောက်ရန်၊ ငြိမ်းချမ်းရေးမရရှိပါက နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် အခွင့်အလမ်းနည်းပါးသဖြင့် ဒေသတွင်းလုံခြုံရေးနှင့်ငြိမ်းချမ်းရေးကို ဟန်ချက်ညီစွာ ထိန်းညှိဆောင်ရွက်ပေးရန်တို့ဖြစ်သည်။ ထိုရည်ရွယ်ချက်များကြောင့် NCA သည် အနာဂတ်ငြိမ်းချမ်းရေးအတွက် အခြေခံပေါင်းကူးတံတားဖြစ်လာခဲ့သည်။

## ပထမဒီမိုကရေစီအစိုးရကာလ NCA

ဒီမိုကရေစီပထမအစိုးရနိုင်ငံတော်သမ္မတဦးသိန်းစိန်အစိုးရလက်ထက်တွင် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးဆွေးနွေးရန် တရားဝင်ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပြီး ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မည့် နိုင်ငံတော်၏လမ်းပြမြေပုံ(Road Map)ကိုချမှတ်ပေးခဲ့သည်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (Nationwide Ceasefire Coordination Team– NCCT)ကိုယ်စားလှယ်များသည် ၂၀၁၄ ခုနှစ် မတ်လ ၉ ရက် မှ ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်အထိ NCA (မူကြမ်း)ရရှိရေး ခုနစ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ကြရာ အခန်း (၇)ခန်း၊ အပိုဒ် (၃၃)ပိုဒ်ပါ သဘောတူစာချုပ် (Final Draft) (အတည်ပြုမူကြမ်း)ကို နှစ်ဖက်သဘောတူညီမှုရရှိခဲ့ကြသည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၉ ရက်တွင် နိုင်ငံတော်သမ္မတနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၆ ဖွဲ့မှ ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြင့် အချောရေးဆွဲထားသည့် အခန်း (၇)ခန်း၊ အပိုဒ် (၃၃)ပိုဒ်ပါ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)အား အမြန်ဆုံးလက်မှတ်ရေးထိုးနိုင်ရန် ဆုံးဖြတ်ခဲ့ကြပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့ဖြစ်သည့် ALP၊ ABSDF၊ CNF၊ DKBA၊ KNU၊ KNU/KNLA–PC၊ PNLO၊ RCSS တို့သည် ပြည်တွင်းပြည်ပအသိသက်သေများရှေ့မှောက်တွင် NCA စာချုပ်အား သဘောတူလက်မှတ်ရေးထိုးခဲ့ကြပြီး ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုထားသည့် သမိုင်းဝင်စာချုပ်တစ်ခုလည်း ဖြစ်ခဲ့သည်။ ပထမဒီမိုကရေစီအစိုးရကာလတွင် ပထမအကြိမ်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်မှ ၁၆ ရက်အထိ နေပြည်တော်ရှိ MICC–II ၌ ကျင်းပခဲ့သည်။

## တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်နှင့် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုများ

တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးခရီးလမ်းကို စတင်လျှောက်လှမ်းချိန်မှစ၍ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ကို တရားဝင်ထုတ်ပြန်ခဲ့သည်။ ၎င်းတို့မှာ (က)ထာဝရငြိမ်းချမ်းရေးရယူရန်အတွက် အမှန်တကယ်ဆန္ဒရှိရန်၊ (ခ)သဘောတူစာချုပ်များအတိုင်း ကတိတည်ရန်၊ (ဂ)ငြိမ်းချမ်းရေးသဘောတူညီချက်များအပေါ် အမြတ်မထုတ်ရန်၊ (ဃ)ဒေသခံပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်၊ (င)နိုင်ငံတော်က ထုတ်ပြန်ထားသည့်တည်ဆဲဥပဒေများကို လိုက်နာရန်၊ (စ)ဒို့တာဝန်အရေးသုံးပါးနှင့် ဒီမိုကရေစီအနှစ်သာရကိုလက်ခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ဖြင့် ဒီမိုကရေစီလျှောက်လှမ်းနေမှုတွင် လိုက်ပါလုပ်ဆောင်ရန်ဟူ၍ဖြစ်သည်။ ၂၀၂၅ ခုနှစ် ဇွန်လ ၂၅ ရက် ငြိမ်းချမ်းရေးဖိုရမ်(Peace Forum 2025) ဖွင့်ပွဲအခမ်းအနားမိန့်ခွန်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က **"ကျွန်တော်တို့ ချမှတ်လိုက်နာဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးမူဝါဒတွေဟာ NCA စာချုပ်ရဲ့ အနှစ်သာရတွေဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုတွေကရရှိလာတဲ့ "အသိတရား" တွေဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှု ခိုင်မြဲစေဖို့အတွက် လိုက်နာလုပ်ဆောင်ရမယ့် "အရှိတရား"တွေဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

တပ်မတော်သည် ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်နှင့်အညီ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသကဲ့သို့ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး NCA သဘောတူစာချုပ်အတိုင်း အလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ပြည်တွင်းငြိမ်းချမ်းရေးသည် အရေးကြီးသည့်အတွက် တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ကို စတင်ထုတ်ပြန်ခဲ့ပြီး ယနေ့အချိန်အထိ ထာဝရငြိမ်းချမ်းရေးအတွက် တစ်ဖက်သတ်အပစ်ရပ်ထုတ်ပြန်မှုပေါင်း (၂၇)ကြိမ် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

## ဒုတိယဒီမိုကရေစီအစိုးရကာလ NCA

ဒုတိယဒီမိုကရေစီအစိုးရကာလ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ရာတွင် NCA စာချုပ်ပါ လမ်းပြမြေပုံအတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ၎င်းတို့လက်ထက်၌ NCA လက်မှတ်မရေးထိုးရသေးသော EAO အဖွဲ့များအား NCA လက်မှတ်ရေးထိုးနိုင်ရေးဆောင်ရွက်ခဲ့ပြီး အစိုးရကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက "နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်(The Framework for Political Dialogue)" ကို ပြင်ဆင်ရေးဆွဲခဲ့ကြသည်။ ငြိမ်းချမ်းရေးကော်မရှင်နှင့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးအဖွဲ့ (Delegation for Political Negotiation–DPN) တို့သည် အလွတ်သဘောတွေ့ဆုံမှု (၅)ကြိမ်၊ တရားဝင်ဆွေးနွေးပွဲ(၈)ကြိမ် ကျင်းပခဲ့သည်။ ထိုသို့ တွေ့ဆုံဆွေးနွေးခဲ့မှုများကြောင့် မွန်ပြည်သစ်ပါတီ(NMSP)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) တို့သည် ၂၀၁၈ ခုနှစ်ဖေဖော်ဝါရီလ ၁၃ ရက်တွင် NCA စာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

NCA အပေါ် UWSA အဖွဲ့၏ နားလည်လက်ခံမှုတိုးတက်လာခဲ့ပြီး အလွတ်သဘောတွေ့ဆုံမှုများမှတစ်ဆင့် နှစ်ဖက်ယုံကြည်မှုကို တိုးမြှင့်တည်ဆောက်ခဲ့ရာ NRPC နှင့် PC တို့သည် NCA လက်မှတ်မရေးထိုးရသေးသော EAO အဖွဲ့များနှင့် အလွတ်သဘောဆွေးနွေးခြင်း (၁၇)ကြိမ်၊ တရားဝင်တွေ့ဆုံဆွေးနွေးပွဲ (၁၂)ကြိမ်ကျင်းပနိုင်ခဲ့သည်။ NRPC နှင့် PC ကိုယ်စားလှယ်များသည် NCA–S EAO ကိုယ်စားလှယ်များနှင့် အလွတ်သဘောတွေ့ဆုံမှုများကို (၂၂)ကြိမ်ကျင်းပခဲ့ပြီး တရားဝင်နိုင်ငံရေးဆွေးနွေးမှုလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိလာရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစုပင်လုံ ပထမအစည်းအဝေးကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်မှ စက်တင်ဘာလ ၃ ရက်အထိ နေပြည်တော်ရှိ MICC–II တွင် သက်ဆိုင်ရာအစုအဖွဲ့များ၊ ပါဝင်သင့်ပါဝင်ထိုက်သူများက အဆိုပြုလွှာ ၇၂ စောင်နှင့် သဘောထားရပ်တည်ချက်ဆိုင်ရာ မူဝါဒစာတမ်းအချို့ကိုတင်ပြနိုင်ခဲ့သည်။ **စာမျက်နှာ ၁၄ သို့** ❐

**တပ်မတော်သည် ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်နှင့်အညီ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသကဲ့သို့ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး NCA သဘောတူစာချုပ်အတိုင်း အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ပြည်တွင်းငြိမ်းချမ်းရေးသည် အရေးကြီးသည့်အတွက် တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ကို စတင်ထုတ်ပြန်ခဲ့ပြီး ယနေ့အချိန်အထိ ထာဝရငြိမ်းချမ်းရေးအတွက် တစ်ဖက်သတ်အပစ်ရပ်ထုတ်ပြန်မှုပေါင်း (၂၇)ကြိမ် ထုတ်ပြန်ခဲ့ပြီးဖြစ်. . .**

❒ စာမျက်နှာ ၁၃ မှအဆက်

**ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၁/၂/၃)**

မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) နေပြည်တော်တွင်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကို ၂၀၁၇ ခုနှစ် မေလ ၂၄ ရက် မှ ၂၉ ရက်အထိကျင်းပခဲ့ရာ စုစုပေါင်း ၃၇ ချက်ပါရှိသော ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)ကို ချုပ်ဆိုနိုင်ခဲ့ပြီး မူဝါဒသဘောတူညီချက် ၃၇ ချက်သည် မြန်မာ့နိုင်ငံရေးသမိုင်းတွင် ပထမဆုံးသော ဖက်ဒရယ်အခြေခံမူ သဘောတူညီချက်များအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။ အလားတူ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) နေပြည်တော်၌ပင်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၁ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့ပြီး စုစုပေါင်း သဘောတူညီချက် ၁၄ ချက်ပါဝင်သည့် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၂) အဖြစ် ချုပ်ဆိုနိုင်ခဲ့သည်။ ယင်းနောက် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) နေပြည်တော်၌ပင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစု ပင်လုံစတုတ္ထအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့ပြီး ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၃)အဖြစ် ချုပ်ဆိုနိုင်ခဲ့ရာ သဘောတူညီချက် ၂၀ ချက် နှင့် ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်နှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများဇယား ၁ တို့အားရရှိခဲ့သည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရကာလ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် နိုင်ငံတော်တာဝန်အားထိန်းခဲ့ပြီးနောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီတွင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းဖြစ်ပြီး အဖွဲ့ဝင် ၁၇ ဦးဖြင့် ဖွဲ့စည်းထားသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူချိန် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် နိုဝင်ဘာလအထိ ညှိနှိုင်းရေးကော်မတီသည် NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၇၆)ကြိမ်၊ NCA လက်မှတ်ရေးထိုးထားခြင်းမပြုသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် (၂၅)ကြိမ်၊ နိုင်ငံရေးပါတီများနှင့် (၁၆)ကြိမ်၊ ဘာသာရေးခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များနှင့် ရှစ်ကြိမ် စုစုပေါင်း (၁၂၅)ကြိမ်တွေ့ဆုံခဲ့ပြီး NCA လမ်းကြောင်းအတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်နေမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအနေဖြင့် ဆွေးနွေးညှိနှိုင်းခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)(၆)နှစ်မြောက်နှစ်ပတ်လည်နေ့၊ (၇)နှစ်မြောက်နှစ်ပတ်လည်နေ့နှင့် (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတို့အားကျင်းပခဲ့ပြီးအခမ်းအနားသို့ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြစ်ကြသည့်DKBA ၊ KNU/ KNLA (PC)၊ ALP၊ RCSS ၊ PNLO ၊ NMSP ၊ LDU တို့ တက်ရောက်ခဲ့ကြသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ ဖိတ်ခေါ်ကမ်းလှမ်းမှုဖြင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရန်အတွက် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့နှင့် NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ သုံးဖွဲ့တို့သည် နေပြည်တော်၌ (၅)ကြိမ်တိုင်တိုင် လာရောက်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ၂၀၂၅ ခုနှစ် ဇွန်လ ၂၅ ရက်တွင် Peace Forum 2025 ကိုလည်းကောင်း၊ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၆ ရက်တွင် NCA ဖော်ဆောင်မှုဆိုင်ရာသုံးသပ်ဆွေးနွေးပွဲကိုလည်းကောင်း ကျင်းပနိုင်ခဲ့သည်။

**NCA ကို ရှောင်ပုန်းနေသူများ၊ ကျောခိုင်းသွားသူများ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား NCA လက်မှတ်ရေးထိုးထားသော EAO များ၊ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် EAO များအားလုံးအား တရားဝင်နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်လာစေရေး စိတ်ရှည်စွာဖြင့် ဖိတ်ခေါ်ခဲ့သည်။ ငြိမ်းချမ်းရေးအဖွဲ့အစည်းများကို တပ်မတော်အတွင်း နယ်ခြားစောင့်တပ်များအဖြစ်လည်းကောင်း၊ ပြည်သူ့စစ်အဖွဲ့များအဖြစ်လည်းကောင်း အသွင်ကူးပြောင်းဖွဲ့စည်းနိုင်ရေးစီမံချက် ချမှတ်ဆောင်ရွက်ခဲ့ရာတွင် KNU၊ KKO၊ KNU/KNLA-PC၊ RCSS/SSA၊ CNF၊ ALP၊ PNLO၊ ABSDF၊ NMSP ၊ KIA၊ KNPP၊ SSPP၊ MNDAA၊ TNLA၊ AA ၊ NDAA နှင့် UWSA စသည့် ၁၇ ဖွဲ့တို့သည် အသွင်ကူးပြောင်းရေးကို လက်မခံခဲ့ကြောင်း တွေ့ရှိရသည်။ KIA အဖွဲ့သည် ဆွေးနွေးပွဲများတွင် တောက်လျှောက်ပါဝင်ဆွေးနွေးခဲ့ပြီး NCA လက်မှတ်ရေးထိုးရန် အချိန်ကျရောက်မှ တက်ရောက်ခဲ့ခြင်းမရှိကြောင်းတွေ့ရှိရသည်။ ထို့အတူ NCA-S EAO များအနက် အဖွဲ့ ၃ ဖွဲ့ ဖြစ်သော KNU၊ ABSDF နှင့် CNF တို့သည် NCA လက်မှတ်ရေးထိုးပြီးဖြစ်သော်လည်း ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ကျောခိုင်းသွားခဲ့သည်။

**NCA ၏ (၁၀)နှစ်အတွင်း အောင်မြင်မှုများ**

NCA လက်မှတ်ရေးထိုးပြီး ၁၀ နှစ်တိတိကာလအတွင်း မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ အောင်မြင်မှုအသီးအပွင့်များကို လက်တွေ့ခံစားခဲ့ရပြီးဖြစ်သည်။ NCA ကို လက်မှတ်ရေးထိုးပြီးနောက် ၂၀၁၅ - ၂၀၂၀ ကာလအတွင်း ယခင်က တိုက်ပွဲဖြစ်ပွားခဲ့သော နယ်မြေများတွင် တိုက်ပွဲဖြစ်ပွားမှု သိသိသာသာ လျော့နည်းသွားခဲ့သည်၊ ကျေးရွာများတွင် ယခင်က မပြည့်စုံခဲ့သည့် လုံခြုံရေးအခြေအနေများ တဖြည်းဖြည်းအားကောင်းလာပြီး ဒေသခံပြည်သူလူထုအနေဖြင့် တိုက်ပွဲရှောင်ရသည့် အခြေအနေများ လျော့နည်းသွားခဲ့သည်။ ငြိမ်းချမ်းရေးဆွေးနွေးရာတွင်လည်း ထိပ်တိုက်ဖြစ်ပွားလျက်ရှိသည့် အဖွဲ့နှစ်ဖွဲ့ကြား တွေ့ဆုံခြင်းမျိုးမဟုတ်ဘဲ ကဏ္ဍပေါင်းစုံပါဝင်သည့် ဆွေးနွေးပွဲမူဘောင်တစ်ခုဖြစ်လာခဲ့သည်။

တိုက်ပွဲများသိသိသာသာလျော့နည်းလာသည့်အတွက် ပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများ ပြန်လည်လုပ်ဆောင်လာနိုင်ခဲ့သည်။ အချို့နယ်မြေများတွင် နိုင်ငံတကာအဖွဲ့အစည်းများက လူမှုအဖွဲ့အစည်းနှင့်ပူးပေါင်းပြီး သက်ဆိုင်ရာဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ပေးနိုင်ခဲ့သည်။ NCA သည် နိုင်ငံတကာအဆင့်တွင် တရားဝင်သက်သေခံထားသည့်စာချုပ်ဖြစ်ပြီး အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ငြိမ်းချမ်းရေးလှုပ်ရှားမှုများပြုလုပ်ရာတွင် စနစ်တကျဖြင့် အဆင့်ဆင့်လုပ်ဆောင်လာနိုင်ပြီး နိုင်ငံတကာအသိုက်အဝန်းမှ အားပေးမှု၊ ပံ့ပိုးမှုများနှင့် လက်ခံအသိအမှတ်ပြုမှုများရရှိခဲ့သည်။ NCA (၁၀) နှစ်အတွင်းအောင်မြင်မှုများတွင် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၁/၂/၃)တို့ကို ချုပ်ဆို၍ ပြည်ထောင်စုလွှတ်တော်တွင်အတည်ပြုနိုင်ခဲ့ခြင်းသည် တစ်ခုအပါအဝင်ဖြစ်သည်။

**ငြိမ်းချမ်းရေးသည် လူတိုင်းလိုချင်သည့်ဆုလာဘ်တစ်ခုဖြစ်**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိသော တိုင်းရင်းသားပြည်သူအားလုံးတို့၏ အလိုအရှိဆုံး ဆုလာဘ်သည် ငြိမ်းချမ်းရေးသာဖြစ်သည်။ လူသားတိုင်းသည် လုံခြုံအေးချမ်းစွာနေထိုင်လိုကြပြီး ရင်ထဲကအနှစ်သက်ဆုံးအရာမှာလည်း ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်ရေးပင်ဖြစ်သည်။ ယနေ့တွင် ကမ္ဘာ့နေရာဒေသအတော်များများ၌ ပြည်တွင်းစစ်ပွဲများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ ကြုံတွေ့နေရသည်ကို တွေ့နိုင်သည်။ အထူးသဖြင့် ဘာသာရေးအစွန်းရောက်မှုများ၊ မျက်ကန်းအမျိုးချစ်ဝါဒများ၊ အမုန်းတရားဖြန့်ချိနေမှုများနှင့် ပြည်ပစွက်ဖက်မှုများမှာ ၂၁ ရာစု ငြိမ်းချမ်းရေး၏ အကြီးမားဆုံးစိန်ခေါ်မှုဖြစ်ပြီး လူသားများ၏ ငြိမ်းချမ်းစွာနေထိုင်ရေးကို ခြိမ်းခြောက်လျက်ရှိသည်။ ထို့မျှမကဘဲ လူကုန်ကူးမှုများ၊ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်နေမှုများ၊ ရာဇဝတ်မှုထူပြောလာခြင်းများ အပါအဝင် အေးချမ်းစွာနေထိုင်နိုင်ရေးကို ထိခိုက်လာနေသည်။ မည်သည့်ဒေသမဆို အေးချမ်းမှနေပျော်စရာဖြစ်မည်ဖြစ်ပြီး ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးတို့ကို ဘေးကင်းလုံခြုံစွာ လုပ်ကိုင်နိုင်မည်ဖြစ်သည်။

မည်သည့်နိုင်ငံတွင်မဆို နိုင်ငံသားအချင်းချင်း အပြန်အလှန်တိုက်ပွဲဖြစ်ပွားနေမှုသည် လူ့သမိုင်းကို လွန်စွာအကျည်းတန်စေပြီး ယဉ်ကျေးသော လူ့သဘာဝကို မေးခွန်းထုတ်စရာဖြစ်စေသည်။ နိုင်ငံသားအချင်းချင်းချစ်ကြည်ရင်းနှီးမှု၊ နိုင်ငံတော်က ထုတ်ပြန်ထားသော တရားဥပဒေများကို စောင့်ထိန်းလိုက်နာမှုတို့သည် နိုင်ငံသားတစ်ဦး၏ မူလတာဝန်တစ်ခုပင်ဖြစ်သည်။ အချို့ကမူ မိမိတို့လူမျိုးတစ်မျိုးတည်းကောင်းစားရေးကိုသာ ရှေ့တန်းတင်ပြီး ဆောင်ရွက်နေကြသဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးတို့အတွက် ခြိမ်းခြောက်မှုတစ်ခုအဖြစ် တွေ့နေရသည်။ နိုင်ငံအတွင်း၌ဖြစ်စေ၊ ဒေသတစ်ခု၌ဖြစ်စေ ပြဿနာတစ်စုံတစ်ရာဖြစ်လာပါက တစ်ဖက်သတ်အမြင်ဖြင့် ဖြေရှင်းနေမည့်အစား ပွင့်လင်းစွာရင်ဆိုင်ဖြေရှင်းခြင်း၊ အပြန်အလှန် ညှိနှိုင်းဆွေးနွေးကြခြင်းဖြင့် ပြေလည်အောင်ဖြေရှင်းနိုင်မည်ဖြစ်သည်။

**ထာဝရငြိမ်းချမ်းရေးရယူရန် အမှန်တကယ် ဆန္ဒရှိလျှင်**

NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားသည်သမိုင်းအမှတ်တရများကိုစုစည်းပုံဖော်ပေးရုံမျှမက အနာဂတ်ကိုပုံဖော်မည့် ငြိမ်းချမ်းရေးလမ်းကြောင်း၏ အရေးအကြီးဆုံးအဆင့်တစ်ခုလည်း ဖြစ်နေသည်။ ထိုနေ့တွင် အတိတ်ကတိုက်ပွဲများကြောင့် နိုင်ငံတစ်ဝန်း ထိခိုက်ဆုံးရှုံးခဲ့ရမှုများကို အောက်မေ့သတိရစေသလို လူထုလူတန်းစားအားလုံးအား ငြိမ်းချမ်းရေး၏တန်ဖိုးကြီးမားမှုကို လေးနက်စွာသဘောပေါက်နားလည်စေခဲ့သည်။ ငြိမ်းချမ်းရေးကို ဆူပူအကြမ်းဖက်မှု၊ အဖျက်လုပ်ရပ်များဖြင့် မရနိုင်သလို စစ်ပွဲများဖြင့်လည်းမရနိုင်ပါ။ ငြိမ်းချမ်းရေးကိုစကားဝိုင်းများတွင် တွေ့ဆုံဆွေးနွေး အဖြေရှာရေးလမ်းကြောင်းဖြင့်သာ ရရှိနိုင်မည်ဖြစ်၍ လက်တွေ့ကျပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးဖြစ်ပေါ်လာစေရန် ဖြစ်ချင်သည့်အရာများထက် ဖြစ်သင့်သည်ကို ဦးစားပေးပြီး ဖြစ်နိုင်သည်များကိုသာ ညီညီညွတ်ညွတ် လက်တွဲလုပ်ဆောင်ကြရမည်ဖြစ်သည်။

ငြိမ်းချမ်းရေးကို အမှန်တကယ်ရချင်လျှင် အချင်းချင်းအပြန်အလှန်ယုံကြည်မှု၊ နားလည်မှုတို့ဖြင့် လက်တွဲဆောင်ရွက်ကြရပါမည်။ သို့မှသာ ငါနှင့်မတူ ငါ့ရန်သူဟုသတ်မှတ်ကာ လူလူချင်း ပစ်ခတ်သတ်ဖြတ်နေမှုများ၊ နိုင်ငံပိုင်အခြေခံအဆောက်အအုံများကို အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးနေမှုများ၊ ကိုယ့်လူမျိုးတစ်စုကောင်းစားရေးအတွက်အချုပ်အခြာအာဏာကို အားနည်းသွားအောင်ဆောင်ရွက်နေမှုများ၊ မိမိတို့ဒေသရှိ သယံဇာတများအပေါ် လိုချင်တပ်မက်ကာ နိုင်ငံသားအချင်းချင်း မျှဝေသုံးစွဲလိုမှု မရှိခြင်းတို့ကို တားဆီးကာကွယ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုဖွားတိုင်းရင်းသားများအနေဖြင့်NCA မှတစ်ဆင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖြင့် မိမိတို့နိုင်ငံ၊ မိမိတို့အနာဂတ်ကို ထုဆစ်ပုံဖော်ကြရမည်ဖြစ်ရာ ငြိမ်းချမ်းသာယာသော အနာဂတ်ကို တည်ဆောက်ရန်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် NCA သည် သာမန်စာချုပ်တစ်ခုမဟုတ်ပါ။ ဒါဟာ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် ယုံကြည်စိတ်ချရသော အာမခံချက်တစ်ခုလည်းဖြစ်သည်။ ထို့ပြင် NCA သည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အခြေခံကျသော သဘောတူညီချက်တစ်ရပ်ဖြစ်သည်။ ယင်းသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အစိုးရတို့အကြား ယုံကြည်မှုတည်ဆောက်ရန် ပထမဆုံးသောခြေလှမ်းဖြစ်ခဲ့ပြီး နိုင်ငံတော်၏ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အရှိန်အဟုန်မြှင့်တင်ပေးနိုင်ခဲ့သည်၊ NCA သည် စစ်မှန်သော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရန်အတွက် အခြေခံအုတ်မြစ်တစ်ခုဖြစ်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကသော့ချက်တိုင်လည်းဖြစ်သည်။ မိမိတို့နိုင်ငံတည်ငြိမ်အေးချမ်းဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့၊ နောက်ကျမကျန်ခဲ့ဖို့အတွက် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖြင့် အနာဂတ်ကိုပုံဖော်ကြရမည်ဖြစ်ရာ မြန်မာနိုင်ငံသားတိုင်းက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးအနက်ခံယူပြီး မဖြစ်မနေလုပ်ဆောင်ရမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်ရင်း ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်တွင်ကျရောက်မည့် NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

**မြဝတီရုပ်မြင်သံကြား အစီအစဉ်**
၁၃-၁၀-၂၀၂၅(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် |
| ၂။ | ၀၇:၁၆ | မေတ္တာပို့ |
| ၃။ | ၁၁:၀၀ | ကမ္ဘာ့ရေးရာမှတ်သားစရာ |
| ၄။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု |
| ၅။ | ၁၄:၀၀ | မှတ်သားလိုက်နာပုံပမာ |
| ၆။ | ၁၅:၀၀ | ပန်းပေါင်းစုံစွာအနုပညာ |
| ၇။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၈။ | ၁၉:၀၀ | CGTN အပိုင်း(၅) |
| ၉။ | ၈ နာရီသတင်းအပြီး | အမျိုးသားရေးတေးကဗျာ |
| ၁၀။ | | မျှဝေဆွေးနွေးအနာဂတ်အရေး |

**MWD Variety Channel** ၁၃-၁၀-၂၀၂၅(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၁၀:၅၀ | Countries of the World |
| ၂။ | ၁၄:၃၅ | သတိမမူဂူမမြင် |
| ၃။ | ၁၇:၄၀ | ပရိသတ်အတွက် ကဗျာလက်ဆောင် |
| ၄။ | ၂၁:၂၅ | Knowledge Note |

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား(ဒုတိယအကြိမ်)ပညာသင်စရိတ်၊ စာရေးကိရိယာနှင့်ကျောင်းဝတ်စုံများ ပေးအပ်

နေပြည်တော် အောက်တိုဘာ ၁၂

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်ရင်း/တပ်ဖွဲ့များမှ တပ်မတော်သားမိသားစုဝင်ကျောင်းသား၊ ကျောင်းသူများအား (ဒုတိယအကြိမ်)ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ အနော်ရထာခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)




ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ကျောင်းသားတစ်ဦးအား ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများပေးအပ်စဉ်။

**၁၂-၁၀-၂၀၂၅ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**
**(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗ စင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၉၉၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ကျောက်မဲမြို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်၊ ကျောက်မဲမြို့ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၂

တပ်မတော်က ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter- Terrorism Operation)ကို တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျောက်မဲမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများ ပူးပေါင်း၍ ဒေသခံပြည်သူလူထုလုံခြုံရေးနှင့် လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိသည်။



ကျောက်မဲမြို့၌ ယာယီဆေးရုံဖွင့်လှစ်ကာ ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာနေထိုင်လျက်ရှိသည့်နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထို့ပြင်ဒေသခံပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၀၂ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာ ၃ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာနေထိုင်လျက်ရှိသည့်နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°C | / | ၃၃°C |
| ရန်ကုန် | ၂၃°C | / | ၃၄°C |
| မန္တလေး | ၂၅°C | / | ၃၅°C |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

# ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ပြင်ဦးလွင်ဇုန်) တာဝန်ရှိသူများနှင့် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တွေ့ဆုံဆွေးနွေး




နေပြည်တော် အောက်တိုဘာ ၁၂

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ပြင်ဦးလွင်ဇုန်)မှ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ပြင်ဦးလွင်မြို့ ရွှေနန်းထိုက်ဟိုတယ်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်ဒေသသည် မြန်မာနိုင်ငံ၏ထင်ရှားသည့် တောင်ပေါ်အပန်းဖြေခရီးစဉ် နေရာတစ်ခုဖြစ်သည့်အပြင် အေးမြသောရာသီဥတုနှင့်အတူ ပွင့်လန်းနေသည့်ပန်းမန်များ၊ သာယာလှပသည့် တောတောင်ရေမြေ သဘာဝအလှအပများ၊ တန်ခိုးကြီးသမိုင်းဝင်စေတီများ၊ ဒေသအစားအစာအမှတ်တရ လက်ဆောင်ပစ္စည်းများသည် ပြင်ဦးလွင်မြို့၏ ထူးခြားသည့် ခရီးသွားဆွဲဆောင်မှုများဖြစ်ကြောင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း (Ecotourism)၊ ယဉ်ကျေးမှု အခြေခံခရီးသွားလုပ်ငန်း (Cultural Tourism)၊ ဘာသာရေး ခရီးသွားလုပ်ငန်း (Religious Tourism)၊ အနုပညာနှင့် ခရီးသွားလုပ်ငန်း (Art and Education)၊ အပန်းဖြေခရီးသွားလုပ်ငန်း (Leisure Tourism)၊ အားကစားခရီးသွားလုပ်ငန်း (Sport Tourism)၊ စွန့်စားခရီးသွားလုပ်ငန်း (Adventure Tourism)၊ ကျန်းမာရေးနှင့်အနားယူခရီးသွားလုပ်ငန်း (Health and Wellness Tourism)၊ သမိုင်းအမွေအနှစ် ခရီးသွားလုပ်ငန်း (Heritage Tourism)၊ လယ်ယာနှင့် တောင်သူဦးကြီးအခြေပြု ခရီးသွားလုပ်ငန်း (Agro Tourism) များ ဆောင်ရွက်နိုင်သည့်ဒေသတစ်ခုလည်းဖြစ်ကြောင်း၊ ယင်းကဲ့သို့ အခြေခံကောင်းများကို မိမိတို့ခရီးသွားလုပ်ငန်းအတွက် အကျိုးရှိအောင် အသုံးချရန်လိုအပ်ကြောင်းမှာကြားပြီး လုပ်ငန်းရှင်များ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် ပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြင်ဦးလွင်မြို့ရှိ Hotel Akimomi နှင့် ရွှေနန်းထိုက်ဟိုတယ်တို့ကို သွားရောက်ပြီး လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် အားကစားကွင်း /အားကစားရုံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မန္တလေးတိုင်းဒေသကြီး အားကစားအဆင့်အတန်းပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် မျိုးဆက်သစ်အားကစားသမားများစွာ ပေါ်ထွက်လာစေရေးအတွက် တာဝန်ရှိသူများနှင့်ညှိနှိုင်းဆွေးနွေးသည်။

ဆက်လက်၍ ယာယီနေရပ်စွန့်ခွာသည့်ဝန်ထမ်းများနှင့် ပြည်သူများကိုသွားရောက်တွေ့ဆုံပြီး လတ်တလော နေထိုင်၊ သွားလာ၊ စားသောက်မှုများ အဆင်ပြေစေရေးအတွက် လိုအပ်သည်များကို ထောက်ပံ့လှူဒါန်းပေးအပ်ကြောင်း သိရသည်။

**မြဝတီ**

# ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၂

ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ၏ (၆/၂၀၂၅) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂) ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက မဲစာရင်းပြုစုရာတွင် အခြေခံရမည့် အသက် ၁၈ နှစ်နှင့်အထက် အတည်ပြုလူဦးရေစာရင်းထပ်မံပေးပို့ရာတွင် ပြည့်စုံမှန်ကန်ရေး၊ နောက်ဆုံးအကြိမ်ထုတ်ပြန်မည့် မဲစာရင်း ပြည့်စုံမှန်ကန်ရေး၊ မဲပေးခွင့်ရှိသူတိုင်းမဲပေးနိုင်ရေး၊ မဲပေးခွင့်မရှိသူများမဲစာရင်းတွင် ပါဝင်ခြင်းမရှိစေရေးအတွက် ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီတွင် ပါဝင်ဖွဲ့စည်းထားသည့် ပြည်နယ်/ခရိုင်/မြို့နယ် သက်ဆိုင်ရာဌာနဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်က အထူးအလေးအနက်ထား ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူပြီးစီးမှု၊ ပန်းခင်းစီမံချက်အဆင့် (၃) ဆောင်ရွက်ပြီးစီးမှု၊ မဲစာရင်းပြုစုရာတွင် အခြေခံရမည့်လူဦးရေစာရင်းနှင့် မဲစာရင်းကြေညာခြင်း၊ ပထမအကြိမ်မဲစာရင်း ကပ်ထားကြေညာရာ၌ မဲစာရင်းလာရောက်ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ကန့်ကွက်ခြင်းဆောင်ရွက်မှု၊ မြေပြင်ကွင်းဆင်းကော်မတီစာရင်းနှင့် ပထမအကြိမ်မဲစာရင်းနှိုင်းယှဉ်ချက်တို့ကို တင်ပြကြသည်။



ယင်းနောက် မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာမြို့နယ်များအလိုက် ယခင်အပတ်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ မဲစာရင်းကပ်ထားကြေညာဆောင်ရွက်မှု၊ မဲစာရင်းကြေညာကပ်ထားမှုအပေါ် တောင်းဆို၊ ပြင်ဆင်၊ ဖြည့်စွက်၊ ကန့်ကွက်မှုများဆောင်ရွက်ထားရှိမှု၊ ယာယီနေရပ်စွန့်ခွာပြည်သူများ မဲစာရင်းပါရှိရေးနှင့် ဆန္ဒမဲပေးနိုင်ရေးဆောင်ရွက်ထားရှိမှုကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု (ခ) ဘားအံဇုန်အုပ်စုပတ်လည်ပြိုင်ပွဲများကို ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဇွဲကပင်အားကစားကွင်း၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ ယမန်နေ့ ညနေ ၃ နာရီက အုပ်စုအဖွင့်ပွဲစဉ်အနေဖြင့် နေပြည်တော်ကောင်စီအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ကစားမှုကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ရပ်ကွက်/ကျေးရွာများမှ ဘောလုံးအားကစားဝါသနာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဌာနဆိုင်ရာများက တစ်ခဲနက်ကြည့်ရှုအားပေးကြပြီး အဆိုပါပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့်မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး အုပ်စု(ခ)ဘားအံဇုန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနှင့် ကရင်ပြည်နယ်အသင်းတို့ပါဝင်ကာ အောက်တိုဘာလ ၁၁ ရက်မှ ၁၅ ရက်အထိ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း၊ ရှုံးထွက်ပွဲစဉ်များနှင့် ဗိုလ်လုပွဲစဉ်တို့ကို ရန်ကုန်မြို့ရှိ ဘောလုံးအားကစားကွင်းများတွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကျွန်းစုမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်းဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ကျွန်းစု အောက်တိုဘာ ၁၂

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ မြန်မာအီလက်ထရောနစ် (MEVM) မဲပေးစက်အသုံးပြု၍ ဆန္ဒမဲပေးခြင်းဆိုင်ရာများအသိပညာပေးခြင်းကို ယနေ့တွင် ပထော်ကျေးရွာနှင့် ပထက်ကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဦးအောင်စန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြိတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ရွေးကောက်ပွဲအရာရှိဦးလိုင်ဘွားနှင့်တာဝန်ရှိသူများက MEVM စနစ်ဖြင့် မဲပေးခြင်းဆိုင်ရာနည်းစနစ်များ၊ မဲပေးစက်နှင့် မဲပေးပုံအဆင့်ဆင့်တို့အား လက်တွေ့သရုပ်ပြခဲ့ကြကာ အဆိုပါကျေးရွာရှိ မဲဆန္ဒရှင်များအား MEVM စနစ်ဖြင့် လက်တွေ့မဲပေးခြင်းလုပ်ငန်းများကို စမ်းသပ်လေ့ကျင့်ဆောင်ရွက်ကြောင်း သိရသည်။

**ထက်မြင့် (ကျွန်းစု)**

● ရှေ့ဖုံးမှအဆက်

ရှုခင်းကြည့်တောင်ကုန်းများဖြစ်သည့် ညောင်လက်ဖက်ကန်ရှုခင်းကြည့်တောင်ကုန်း၊ ဖိုးမောက်ကြီးရှုခင်းကြည့်တောင်ကုန်း၊ မင်းနန်သူကျေးရွာအနီးရှိ လေးထောင့်ကန်ရှုခင်းကြည့်တောင်ကုန်း၊ အရှေ့အိုးထိန်းကုန်း၊ အနောက်အိုးထိန်းကုန်းတို့မှ ပုဂံရှေးဟောင်းဘုရားများ၊ ဧရာဝတီမြစ်နှင့် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်ရှိ တန့်ကြည်တောင်တန်းနောက်ခံ နေဝင်ဆည်းဆာကြည့်ရှုကြရန် ရှုခင်းကြည့်တောင်ကုန်းများတွင် ညနေ ၄ နာရီမှစတင်၍ နေရာယူကာ နေလုံးကြီးတဖြည်းဖြည်း တန့်ကြည်တောင်တန်းပေါ်မှ ပျောက်ကွယ်သည်အထိကြည့်ရှုခဲ့ကြောင်း၊ ရှုခင်းကြည့်တောင်ကုန်းများပေါ်မှ ပုဂံရှေးဟောင်းရှုခင်းများနောက်ခံထား ဓာတ်ပုံရိုက်ကြခြင်း၊ ဗီဒီယိုရိုက်ကြခြင်းများဖြင့် ကြိတ်ကြိတ်တိုးစည်ကားခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ညွှန်ကြားရေးမှူး ဦးညီမွန်းထံမှသိရသည်။

**ဒီပါလင်း**

# လျှော်ဘေးသင့် ပြည်သူများအတွက် ဆိုလာမီးအိမ်နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း




နေပြည်တော် အောက်တိုဘာ ၁၂

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို) နှင့် Myanmar Blue Sky Rescue Development Council တို့ ပူးပေါင်း၍ လျှော်ဘေးသင့် ပြည်သူများအတွက် ပေးပို့လှူဒါန်းထားသော ဆိုလာမီးအိမ် အလုံး ၃၀၀ နှင့် အိမ်ထောင်စုတစ်စုလျှင် ၅၀၁၀၀ ကျပ် တန်ဖိုးရှိထောက်ပံ့ပစ္စည်းများကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ လျှော်ဘေးသင့် ဝန်ထမ်းအိမ်ထောင်စု ၅၀၀ နှင့် အောင်မြေသာစံမြို့နယ် လျှော်ဘေးသင့် အိမ်ထောင်စု ၁၅၀၀ တို့အတွက် ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ်၊ ကမ်းနားလမ်းရှိ ကြင်းတောယန် ဗုဒ္ဓဘာသာကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ မြန်မာ-တရုတ် ချစ်ကြည်ရေး အသင်း(ဗဟို) နှင့် အသင်းခွဲ (မန္တလေး) တို့မှ ဥက္ကဋ္ဌများ၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အသင်းအဖွဲ့များ၊ Myanmar Blue Sky Rescue Development Council မှ တာဝန်ရှိသူများ၊ လျှော်ဘေးသင့်ပြည်သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးတင်ဦးနှင့်မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းခွဲ(မန္တလေး)ဥက္ကဋ္ဌ ဦးကျော်မင်းတို့က နှစ်နိုင်ငံချစ်ကြည်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် အသင်းမှ ပါဝင်ဆောင်ရွက်နေမှုများ၊ မန္တလေးလျှော်ကြီးနှင့်ပတ်သက်၍ လျှော်ကာလနှင့်လျှော်အလွန်ကာလများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ လျှော်ဘေးသင့်ဝန်ထမ်းအိမ်ထောင်စု ၅၀၀ အတွက် လှူဒါန်းပစ္စည်းများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)နှင့် အသင်းခွဲ(မန္တလေး) တို့မှ တာဝန်ရှိသူများက အောင်မြေသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်များမှ လျှော်ဘေးသင့်ပြည်သူများထံ လှူဒါန်းပစ္စည်းများ ပေးအပ်ကြသည်။

ယမန်နေ့ကလည်း တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာ အီလက်ထရောနစ် မဲပေးစက် (MEVM) နှင့် ဆက်စပ်ပစ္စည်းများ မန္တလေးမြို့သို့ ရောက်ရှိလာမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မဲပေးစက်(MEVM)နှင့်ဆက်စပ်ပစ္စည်းများပျက်စီးမှုများမရှိစေရေး အထူးဂရုစိုက်ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး စက်ပစ္စည်းများ စီစဉ်နေရာချထားမှုကို ကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ်ရှိ မန်းအောင်ဆွေလင်း ဘော်လီဘောကလပ်တွင် ကျင်းပသည့် အဆင့်မြင့်အလွတ်တန်းဖိတ်ခေါ် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ တက်ရောက်ပြီး မန်းအောင်ဆွေလင်းအသင်းနှင့် မျိုးဆက်သစ်အသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးရာ ပြိုင်ပွဲအပြီးတွင် မန်းအောင်ဆွေလင်းအသင်းက အနိုင်ရဗိုလ်စွဲ၍ ပထမဆုကို ဆွတ်ခူးရရှိသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုရရှိကြသူများကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြဝတီ

# မကွေးတိုင်းဒေသကြီးရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးရှိ Call Center အား မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ကြည့်ရှုစစ်ဆေး



နေပြည်တော် အောက်တိုဘာ ၁၂

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင် ပြည်သူများ သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်အတွက် မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၌ ဖွင့်လှစ်ထားရှိသည့် တိုင်းဒေသကြီး Call Center သို့ ယနေ့နံနက် ၁၀ နာရီတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များ စုံစမ်းမေးမြန်းရာတွင် ဥပဒေ၊ နည်းဥပဒေနှင့်အညီ ရှင်းလင်းစွာ ပြန်လည်ဖြေကြားရန်လိုကြောင်း၊ ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ညွှန်ကြားချက်များအား မကွေးတိုင်းဒေသကြီး Call Center ဌာနတွင် စနစ်တကျ ပြုစုမှတ်တမ်းထိန်းသိမ်းရန်လိုကြောင်း၊ နေ့စဉ်လုပ်ငန်းမှတ်တမ်း၊ တယ်လီဖုန်း အဝင်/ အထွက် မှတ်တမ်းများ ထားရှိရန်၊ တယ်လီဖုန်းလိုင်းပြတ်တောက်မှုမရှိစေရေး သက်ဆိုင်ရာဌာနသို့ အသိပေးထားရန်လိုကြောင်းနှင့် ရွေးကောက်ပွဲနှင့် ပတ်သက်၍ အခြားသိရှိလိုသည်များရှိပါက ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေနှင့်အညီ ရှင်းလင်းစွာ ပြန်လည်ဖြေကြားရန်လိုကြောင်း မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လုံခြုံရေးဆောင်ရွက်ပေးမည့် အစီအစဉ်၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးက မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များတွင်လည်း Call Center ဖွင့်လှစ်ထားရှိမှု၊ မကွေးတိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က မကွေးတိုင်းဒေသကြီး Call Center တွင် လုပ်ငန်းများဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်ညီညာ

# ရေဝတီတိုင်းဒေသကြီးရှိ အားကစားနှင့် ကာယပညာသိပ္ပံ(ပုသိမ်) သုံးထပ်သင်တန်းသားအိပ်ဆောင်တည်ဆောက်နေမှု ဒုတိယဝန်ကြီး ဦးထိန်လင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၂

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် ယမန်နေ့က ဧရာဝတီတိုင်းဒေသကြီး (ပုသိမ်ဇုန်)၌ကျင်းပလျက်ရှိသည့် အသက် ၂၅ နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည် ပထမပြိုင်ပွဲ ယှဉ်ပြိုင်မည့် ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီး အမျိုးသမီး အသင်းတို့ကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် အတူ ပြိုင်ပွဲမစတင်မီ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ ပြိုင်ပွဲကိုကြည့်ရှုအားပေးသည်။



ယင်းနောက် ဧရာဝတီတိုင်းဒေသကြီးရှိ အားကစားနှင့် ကာယပညာသိပ္ပံ(ပုသိမ်) သုံးထပ် သင်တန်းသားအိပ်ဆောင်တည်ဆောက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကာ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ စံချိန်၊ စံညွှန်း အရည်အသွေးပြည့်မီစေရေး အလေးအနက်ထား ဆောင်ရွက်သွားရန် တာဝန်ရှိသူများကိုမှာကြားသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနသို့ သွားရောက်၍ မြို့နယ်အားကစားခန်းမ ကြမ်းခင်းပြုပြင်ခြင်းလုပ်ငန်း ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ အားကစားခန်းမရေရှည်တည်တံ့နိုင်ရေး အမြဲထိန်းသိမ်းဆောင်ရွက်သွားရန် ၊ အစဉ်အမြဲသန့်ရှင်းသာယာလှပစေရေးတို့အတွက် အလေးအနက်ထား ဆောင်ရွက်သွားရန်နှင့် အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

နေပြည်တော် အောက်တိုဘာ ၁၂

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ (မိုး/ဇလ)

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


## Plan underway to cultivate more than 7,000 acres of sunflower in Monywa Township this cold season



MONYWA October 12

According to the statistics of Monywa Township Agriculture Department, local farmers will grow more than 7,000 acres of sunflower as cold season crops in Monywa Township of Sagaing Region this year.

During the 2025–2026 winter crop season, 7,755 acres of winter sunflower are planned for cultivation in Monywa Township, with planting scheduled from October to December this year.

"In Monywa Township, more than 7,000 acres of sunflower are targeted for this year's winter crop season. Efforts will be made to achieve the full targeted acreage. Sunflower, as an oilseed crop, will be expanded to help reduce imports of palm oil. Compared to beans and sesame, sunflower yields more oil per acre. It is mainly cultivated in the winter season," said U Soe Thet Aung, Head of the Monywa Township Agriculture Department.

To support sunflower expansion, the Township Agriculture Department is conducting intensive training programs to enhance the capacity of both staff and farmers.

This year, farmers cultivating sunflower in Monywa Township will be provided with seed supplies. Plans have also been made to sell urea fertilizer at fair prices, while harvested sunflower varieties will be distributed through farmer-to-farmer exchange systems.

**SMK**

## Bogale Township ships large quantity of eels to Yangon market



BOGALE October 12

A large quantity of eels from Bogale Township, Ayeyawady Region, were transported to the Yangon market during said Daw Tin Tin Win, owner of the Bogale Township fishery products trading center.

Bogale Township shipped up to 67,000 visses of eels to the Yangon market. The increase in eels is due to the good demand of eels from the Yangon market.

"Local good demand has attracted eel farming business. Eels are mainly sent to Yangon. They are then distributed to other domestic and international markets through Yangon. With this good purchasing power, the lives of eel farmers, workers, and eel hunters are now better," she said.

Eels shipped from Bogale Township to the Yangon market last month fetched up to Ks- 175,000 per 10 visses. The eels from these regions are mainly sent to the Yangon market and then shipped to other regions through Yangon. **SK**

## More than 30,000 acres of groundnut cultivated in Budalin Township

BUDALIN October 12

Statistics of Budalin Township Agriculture Department stated that local farmers planted 32,164 acres of groundnut as monsoon crops in Budalin Township of Sagaing Region.

In the 2025–2026 monsoon cropping season, Budalin Township has planned to cultivate 34,700 acres of groundnut. Planting began in May this year, and as of today, 32,164 acres have been cultivated, according to reports.

"This monsoon season, we have planned to plant over 34,000 acres of groundnut in Budalin Township. So far, over 32,000 acres have been cultivated. We are working to ensure the target acreage is met. As an oil crop, the prospects are good, and groundnut cultivation has been improving year by year," said U Phyo Wai, Head of the Budalin Township Agriculture Department.

For groundnut cultivation in Budalin Township, one and a half baskets of seed are sown per acre. The total cost per acre including seed, labour charge, fertilizer, and pesticide expenses is reported to exceed Ks-200,000. Each acre yields over 50 baskets on average.

This year, to ensure the success of groundnut fields in Budalin Township, prevent pest and disease outbreaks, and maintain weed-free conditions, staff from the Township Agriculture Department have been making field inspections and recording monitoring data.

**SK**

## Cultivation of maize and sweet corns finishes in Kanbalu Township

KANBALU October 12

A total of 89,264 acres of maize and sweet corns have been planted in Kanbalu Township of Sagaing Region, according to data of Kanbalu Township Agriculture Department.

Local authorities earmarked cultivation of 88,931 acres of maize and 750 acres of sweet corns in Kanbalu Township in 2025-2026 monsoon crop cultivation season. But, local farmers have planted 88,931 acres of maize and 333 acres of sweet corns, totalling 89,264 acres against the target cultivation.

This year, the Kanbalu Township Department of Agriculture is providing farmers growing seed maize and sweet corn with training courses, field demonstrations, guidance on preventing fall armyworm infestations, and integrated pest management techniques. These include the use of Trichogramma bio-control, as well as ginger and chilli-based pest control methods, along with other agricultural awareness activities.

In Kanbalu Township, it is reported that seed maize yields over 50 baskets per acre, with an average production cost of Ks-500,000 per acre, while sweet corn yields around 15,000 ears per acre, with cultivation costs exceeding Ks-500,000 per acre.

**SMK**

# Mawlaik Township earmarks cultivation of more than 2,000 acres of vegetables in winter



MAWLAIK October 12

Preparations are being made to grow more than 2,000 acres of vegetables as cold season crops in Mawlaik Township of Sagaing Region in coming winter, according to Mawlaik District Agriculture Department.

During the 2025–2026 winter crop season, a plan has been set to cultivate 2,679 acres of vegetables in Mawlaik Township. Planting will begin in October this year and continue until December, according to reports.

"This year, over 2,000 acres of vegetables are planned for cultivation in Mawlaik Township during the upcoming winter crop season. These include roselle, chilli, spices, potato, cabbage, coriander, eggplant, and cauliflower. Farmers are being provided with techniques to cultivate all vegetables under the GAP system. Technical guidance will also be given so that the vegetables grown are healthy and safe, with minimal chemical residues," said Daw Kyaik Kyaik Hlaing, Head of the Mawlaik District Department of Agriculture.

This year, the Mawlaik Township Department of Agriculture is providing farmers with training on GAP methods, guidance to ensure vegetables grown are safe and healthy for consumption, and support to expand vegetable cultivation.

In Mawlaik Township, various vegetables are cultivated seasonally every year. These crops have proven successful and provide household income. The township agriculture department is also educating farmers on correct cultivation practices, pest prevention, and the use of natural fertilizers, bio-pesticides, and repellents.

**SK**

# Myinmu Township plants more than 10,000 acres of rainfed paddy this year



MYINMU October 12

According to Sagaing District Agriculture Department, local farmers have planted 10,108 acres of rainfed paddy in Myinmu Township of Sagaing Region this year.

During the 2025–2026 monsoon crop season, a plan was made to cultivate 12,133 acres of rainfed paddy in Myinmu Township. Planting began in June this year, and it is reported that 10,108 acres have been cultivated to date.

"This year, more than 12,000 acres of rainfed paddy are planned for cultivation in Myinmu Township during the monsoon crop season. So far, over 10,000 acres have already been planted. Efforts are being made to achieve the targeted acreage. Necessary technologies and quality seeds will be provided for rainfed paddy cultivation, and field supervision is being carried out to ensure farmers can plant in time," said Daw Thida Lwin, Head of the Sagaing District Department of Agriculture.

During this year's monsoon crop season, the relevant township agriculture departments and local farmers are cooperating to ensure systematic cultivation of rainfed paddy without difficulties.

Farmers growing rainfed paddy in Myinmu Township are being provided with agricultural techniques, knowledge on pest prevention, guidance to avoid crop losses, and instructions to store harvested paddy under shelter in a timely manner.

In order for the rainfed paddy fields in Myinmu Township to be successful and achieve good yields this year, township agriculture department staff are providing field-level technical support, including the use of good-quality pure seeds, pest control, weeding, removal of mixed varieties, and systematic use of fertilizers.

**SK**

# Plan underway to grow more than 17,000 acres of chickpea in Monywa Township

MONYWA October 12

Arrangements are being made to grow more than 17,000 acres of chickpea as cold season crops in Monywa Township of Sagaing Region in coming winter, according to the Township Agriculture Department.

During the 2025–2026 winter crop season, a plan has been set to cultivate 17,790 acres of chickpea in Monywa Township. Planting will begin in October this year and continue until December, according to reports.

Local farmers are cultivating chickpea varieties Yezin-8 and Yezin-11, which are suitable for the region and provide good yields, and that the cost of cultivating one acre of chickpea is over Ks-300,000.During this year's winter crop sea-son, in the cultivation of various pulses, relevant pure seeds, inputs, and post-harvest technologies are being provided in cooperation with farmers to improve yields and quality. In addition, efforts are being made to educate and mobilize farmers to use Trichoderma bio-fungus during pulse cultivation.

Sagaing Region is the largest producer of pulses in the country. Pulses are not only cultivated as a major crop but also as a mixed crop and relay crop, making them an important source of income for farmers.

**SMK**

# More than 5,000 acres of vegetables planted in Yinmabin District

YINMABIN October 12

According to Yinmabin District Agriculture Department of Sagaing Region, local farmers have planted more than 5,000 acres of vegetables as monsoon crops this year.

During the 2025-2026 monsoon crop season, a total of 19,698 acres of vegetables are planned to be cultivated in Yinmabin District. Since the start of this year's planting in May, a total of 5,355 acres have already been cultivated as of today. This includes 1,085 acres in Yinmabin Township, 2,990 acres in Kani Township, 525 acres in Salingyi Township, and 755 acres in Pale Township.

"This year, over 19,000 acres of vegetables are targeted for cultivation in Yinmabin District during the monsoon planting season. So far, over 5,000 acres have already been cultivated. Efforts are ongoing to meet the planned acreage," said Daw Myat Moe Win, head of the Yinmabin District Agriculture Department.

"The cultivated vegetables include roselle, chilli, aromatic herbs, cauliflower, Chinese cabbage, potatoes, okra, and eggplants. All vegetables are being cultivated using the GAP (Good Agricultural Practices) system, and farmers are being provided with the necessary technical support. Farmers are also being trained to grow crops with minimal chemical residues, ensuring alignment with health standards," she added.

According to the township-wise allocation for vegetable cultivation in Yinmabin District during the 2025–2026 monsoon season, Yinmabin Township earmarked 6,027 acres, Kani Township 6,550 acres, Salingyi Township 5,567 acres, and Pale Township 1,554 acres, totalling 19,698 acres.

This year, the respective Township Agriculture Departments are providing training on GAP cultivation methods, sharing techniques to ensure crops meet health and safety standards, and supporting farmers to expand their vegetable cultivation.

Each year, seasonal vegetables of various kinds are grown in Yinmabin District. These vegetable crops have proven successful and have contributed to increased family income. Additionally, Township Agriculture Departments are educating farmers on proper cultivation techniques, pest prevention, and the use of natural fertilizers, organic pesticides, and repellents.

**SMK**

## Clashes on Afghan-Pakistani Border



KABUL October 12

Afghanistan and Pakistan exchanged cross-border artillery and heavy gunfire in several eastern provinces on Saturday.

Clashes reportedly involving small arms, RPGs, mortars, and artillery occured in Helmand, Kandahar, and Zabul provinces in the south, Paktia, Paktika, and Khost in the southeast, Kunar and Nangarhar in eastern Afghanistan, according to local media.

Afghan forces conducted “retaliatory operations” in response to “repeated violations of Afghanistan’s airspace and air strikes carried out on Afghan territory by the Pakistani military,” the Taliban interim administration stated.

The attacks targeting Pakistani security outposts along the 2,611-kilometer Durand Line border were concluded at midnight (local time), said the Afghan Defence Ministry in a statement.

Clashes are reportedly continuing sporadically along various sections of the border. The Spin Boldak, Torkham, and Angur Ada border crossings remain closed. **Sputnik**

## Iran welcomes US talks, firm on Uranium enrichment

TEHRAN October 12

Iran has halted implementation of its agreement with the IAEA and ended cooperation on nuclear program issues, Foreign Minister Abbas Araghchi announced on local television, adding that negotiations with the E3 - France, Germany and the United Kingdom - were “no longer relevant.”

Regarding talks with the United States, Iran would consider reentering them only if it receives a “reasonable, balanced, and fair proposal,” Foreign Minister Abbas Araghchi underscored.

The country’s top diplomat reiterated that Iran will not abandon its right to enrich uranium but is willing to take confidence-building steps to demonstrate the peaceful nature of its nuclear program.

“Of course, this is conditional on the other side also taking steps to build trust — by lifting part of the sanctions,” Araghchi told state television.

The Islamic Republic has consistently denied Western claims, underscoring the entirely peaceful nature of its nuclear program. **Sputnik**

## 16 dead in U.S. Tennessee military plant blast



NEW YORK October 12

Sixteen people are believed to have been killed in a devastating explosion at a military explosives plant in the U.S. state of Tennessee on Friday morning, with no survivors found, local authorities said Saturday.

The Tennessee Emergency Management Agency (TEMA) said in a press release that the number of unaccounted individuals was revised from 18 to 16 after it was determined that two people initially believed to be at the site were not present when the blast occurred.

The explosion took place at Accurate Energetic Systems, LLC, a company specializing in the production of military explosives, around 7:45 a.m. local time (1245 GMT), southwest of Nashville, Tennessee. The cause of the blast remains under investigation.

Response efforts continued through Saturday, with emergency responders from across the region working alongside the Bureau of Alcohol, Tobacco, Firearms and Explosives, which is assisting with scene examination and investigative support.

Due to significant debris and the potential presence of explosive materials, response operations are progressing slowly and methodically. Controlled detonations will be conducted periodically to dispose of unstable or hazardous materials safely, TEMA said.

There is no known threat to public health or safety as a result of the explosion. However, TEMA has urged the public to avoid the area to allow emergency personnel to continue their work safely and efficiently.

Accurate Energetic Systems has established an assistance center to support families impacted by the incident, providing information, emotional support and other resources.

TEMA said it continues to provide logistical support, including water pallets, communications equipment and personnel to assist with local emergency management operations. The State Emergency Operations Center remains highly activated to support ongoing coordination. **Xinhua**

## At least 4 killed, 20 injured in U.S. South Carolina shooting

NEW YORK October 12

At least four people were killed and about 20 were injured in a deadly shooting early Sunday morning at a crowded bar in Beaufort County in the U.S. state of South Carolina, local authorities said Sunday.

The Beaufort County Sheriff's Office said that shortly before 1:00 a.m. (0500 GMT) Sunday, deputies were called to several reports of a shooting at Willie's Bar and Grill on St. Helena Island, Live 5 News reported.

Deputies learned that hundreds of people were at the scene when the shooting happened. Many victims and witnesses ran to nearby businesses and properties to find shelter from the gunshots.

Four victims were reportedly killed at the scene, and about 20 people were hurt during the shooting, with four of them in critical condition, according to the report.

The Beaufort County Sheriff's Office said on X that it has increased law enforcement presence on St. Helena. The office is asking the public to provide information about the incident. **Xinhua**

## Typhoon to bring violent winds, rain to Japan’s Izu Islands

TOKYO October 12

Typhoon No. 23 is moving east over the sea south of Japan’s Shikoku and is expected to approach the Izu Islands on Monday, bringing violent winds and heavy rain to the area.

The storm has a central pressure of 980 hectopascals, with maximum winds of 30 meters per second, according to the Japan Meteorological Agency (JMA).

Winds may strengthen to 50 meters per second on the islands, with waves reaching 9 meters, the JMA predicted.

Residents are urged to exercise extreme caution against violent winds, landslides, flooding, swollen rivers, high waves, and to remain alert for lightning and tornado-like gusts.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Why you should NEVER drink bottled water after its best before date - amid warnings of cancer-causing microplastics

While it's unlikely that your bottled water will go bad before you get round to drinking it, experts have warned that the plastic its stored in can degrade over time—potentially increasing the risk of cancer.

Bottled mineral water usually carries a best before date of around 18 months to two years, but this date doesn't actually refer to the water itself, but the plastic bottle.

Within this time, water should maintain its taste and shouldn't degrade in quality, but drinking it after its best before date could place drinkers at an increased risk of ingesting harmful microplastics that have been linked to cases of bowel cancer, brain damage and infertility.

And whilst experts at the Natural Hydration Council claim that water is still safe to drink after this date, others claim that harmful microplastics could get into the water from the point of production, increasing in number as the plastic degrades over time.

Microplastics are tiny plastic fragments measuring as little as two micrometres—about two-thousands of a millimeter.

Recent studies have found microplastics in human lung tissue, placentas, breast milk and even blood, raising concern over how deeply they can penetrate the body.

Dr Sherri Mason, a leading research in freshwater plastic pollution working with the World Health Organisation (WHO), said: 'There are connections to increases in certain kinds of cancer to lower sperm count to increases in conditions like ADHD and autism.

'We know that they are connected to these synthetic chemicals in the environment and we know that plastics are providing a kind of means to get those chemicals into our bodies.'



More than 90 percent of the world's most popular bottled water brands contain microplastics according to new analysis.



Recent research has revealed that people may be unknowingly ingesting tens of thousands of microplastic particles every year. On average, individuals consume between 39,000 and 52,000 particles annually, with bottled water drinkers taking in an additional 90,000 microplastic fragments.

And whilst the European Food Safety Agency maintains that most microplastics are excreted by the body, the UN Food and Agriculture Organisation have warned that some particles could enter the bloodstream and lodge in vital organs.

A growing body of evidence has linked them to neurotoxicity, chronic inflammation and disruption of hormones and metabolism.

A new study, led by Sara Sajedi, a leading environmental management expert at Concordia University, found that people who regularly drink bottled water—consumed before its expiration date—consume around 900,000 more microplastic particles each year than those who drink tap water.

Sajedi described the health risks posed by single-use plastic bottles as 'serious', and called for greater awareness of what she described as a 'pressing issue.'

She said: 'Microplastics can also contribute to intestinal dysbiosis, disrupt the balance of gut bacteria, and may lead to respiratory diseases when inhaled.

'These wide-ranging chronic health risks highlight the importance of recognising and addressing the impact of nano- and microplastics to safeguard human health.'

Experts are also concerned that drinking bottled water after its best-before-date has passed could make it unpalatable, as polyethylene terephthalate (PET) particles break down over time, affecting the taste and smell of the water.

However, PET particles are not thought to contain chemicals that are harmful to our health, like phthalates or BPA.

But if plastic bottles are stored in hot environments, exposed to sunlight or stored beside strong smelling chemicals, the quality of the plastic may degrade more quickly and taint the water inside.

PET plastics are also breathable, meaning that overtime small amounts of water can evaporate out of the bottle—making room for contaminated particles to enter the source directly.

It comes after shocking research earlier this week suggested microplastics used in food packaging may be damaging the gut—raising the risk of bowel cancer and depression.

The discovery was made by Australian researchers who examined stool samples from healthy volunteers and found that microplastic particles could alter microbial activity in the gut.

Some of the changes mirrored patterns previously linked to depression and bowel cancer, suggesting the tiny fragments may disrupt the body's internal balance in ways that affect both physical and mental health.

Experts called the findings 'significant', saying it was the first human study to show microplastics can alter the gut microbiome. **Mail Online**

# သက်တမ်းနှစ် ၂၀၀ ရှိတဲ့သစ်ပင်မသေစေဖို့ ဒရုန်းသူ့ရဲကောင်းများကိုအသုံးပြု



ဂျာမနီနိုင်ငံမှ သိပ္ပံပညာရှင်များက စတူးဂတ်မြို့ရှိ သက်တမ်းအရင့်ဆုံးအပင်များ အနက် တချို့ကို ရာသီဥတုဒဏ်ကြောင့် မသေဆုံးသွားစေဖို့ အဆင့်မြင့်နည်းပညာ တစ်ခုကို ဖော်ထုတ်တွေ့ရှိလိုက်ပါတယ်။ အဲဒီနည်းပညာကတော့ ဒရုန်းကိုအသုံးပြု ပြီး သစ်ပင်ရဲ့အချက်အလက်များကိုပေးပို့ စေမယ့်နည်းဖြစ်ပါတယ်။

ဟိုဟန်ဟိန်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များက အပင်ရဲ့ကျန်းမာရေးအခြေအနေ ကိုစောင့်ကြည့်ဖို့နဲ့ စိုက်ပျိုးရေးအတွက် လုပ်ဆောင်သင့်တဲ့ နည်းလမ်းများကိုဖော် ထုတ်နိုင်ဖို့ အချက်အလက်များကိုရယူပေး နိုင်မယ့် ဒရုန်းနည်းပညာကို မကြာသေးခင် ကဖော်ထုတ်ခဲ့ပါတယ်။ အခိကက သူတို့ရဲ့ တက္ကသိုလ်ပရိဝုဏ်ထဲမှာရှိတဲ့ ပန်းခြံထဲက သက်တမ်းနှစ် ၂၀၀ ရှိအပင်ကိုမသေသွား အောင်စောင့်ရှောက်ဖို့အတွက်ပါပဲ။

ဒီစနစ်မှာ အရည်အသွေးမြင့်မားလှတဲ့ ဝေဟင်ပုံရိပ်ဖော်စနစ်၊ ပတ်ဝန်းကျင်ကို လေ့လာတဲ့အာရုံခံစနစ်များ၊ သစ်ပင်များရဲ့ ရေလိုအပ်မှုအခြေအနေကို လေ့လာပြီး စစ်တမ်းထုတ်နိုင်တဲ့စနစ်တို့ကို ပေါင်းစပ် ထားတာဖြစ်ပါတယ်၊ ဒီစနစ်ကိုအသုံးပြုခြင်း အားဖြင့် သစ်ပင်တွေဟာ ရာသီဥတုကိုခံနိုင် ရည်ရှိပြီး မလိုအပ်ဘဲရေသုံးစွဲမှုကိုလည်း လျှော့ချနိုင်စေမှာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# ဂိုဘီကန္တာရထဲက တာဝါနှစ်လုံးပါဝင်တဲ့ ကမ္ဘာ့ပထမဆုံး နေရောင်ခြည်-အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံ

တရုတ်နိုင်ငံက ကန္တာရများကို တန်ဖိုးရှိတဲ့နေရာများအဖြစ် တဖြည်းဖြည်းနဲ့ ပြောင်းလဲလာနေပါတယ်။ ကန္တာရကြီးကို တောအုပ်ကြီးအဖြစ် ပြောင်းလဲမှုတွေ လုပ်နေသလို ကန္တာရကြီးကိုလိုအပ်တဲ့ စွမ်းအင်အရင်းအမြစ်ကြီးအဖြစ် ပြောင်းလဲ မှုတွေလုပ်ဆောင်လာနေတာပါ။

အခုနောက်ဆုံး လုပ်ဆောင်ချက်က တစ်ခုကတော့ ဂိုဘီကန္တာရထဲကနေ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖို့အတွက် ဆောင်ရွက်ချက်ဖြစ်ပါတယ်။ ဒီလိုမျိုး ဆောင်ရွက်ချက်ဟာ ကမ္ဘာ့ပထမဆုံးလည်း ဖြစ်ပါတယ်။ အကြောင်းရင်းကတော့ အခု ဆောင်ရွက်တဲ့လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု က နေရောင်ခြည်စွမ်းအင်နဲ့အပူစွမ်းအင် တို့ကိုပေါင်းစပ်အသုံးပြုထားခြင်းကြောင့် ဖြစ်ပါတယ်။



ဒီစီမံကိန်းကို အကောင်အထည်ဖော် သူက ကမ္ဘာ့အကြီးဆုံးရေအားလျှပ်စစ် စက်ရုံဖြစ်တဲ့ Three Gorges Dam ကို တည်ဆောက်ထားသူ Three Gorges Corporation ပဲဖြစ်ပါတယ်။ ဒါ့အပြင် ဂိုဘီ ကန္တာရဆိုတာကလည်း တစ်နှစ်ပတ်လုံးမှာ မိုးရေချိန်နှစ်လက်မဝန်းကျင်သာရရှိတဲ့ အပြင် နေရောင်ခြည်ရရှိမှုကလည်း နာရီ ပေါင်း ၃၀၀၀ အထိရှိပါတယ်။ **Ref: IE**

**ကိုထက်**

# ဒရုန်းရန်များကိုတုံ့ပြန်ဖြေရှင်းမယ့် အလိုအလျောက်စနစ်သုံး စွမ်းအားမြင့်မိုက်ခရိုဝေ့နည်းပညာ



အမေရိကန်ကာကွယ်ရေးပစ္စည်းထုတ် လုပ်ရေးကုမ္ပဏီများဖြစ်တဲ့ Epirus နဲ့ General Dynamics Land Systems (GDLS) တို့ပူးပေါင်းပြီး ဒရုန်းရန်ကိုအထိရောက် ဆုံးတုံ့ပြန်ဖြေရှင်းမယ့် အလိုအလျောက် စနစ်သုံးကာကွယ်ရေးပစ္စည်းတစ်မျိုးကို ထုတ်ဖော်ပြသလိုက်ပါတယ်။ အဲဒီလက် နက်က ခေတ်သစ်စစ်မြေပြင်မှာ တွင်ကျယ် စွာအသုံးပြုလာနေတဲ့ ဒရုန်းများရဲ့ရန်စွယ် ကိုတုံ့ပြန်ဖြေရှင်းဖို့အတွက် မျိုးဆက်သစ် မြေပြင်သုံးမောင်းသူမဲ့ယာဉ်စနစ်ကို စွမ်း အားမြင့်မားတဲ့ မိုက်ခရိုဝေ့နည်းပညာနဲ့ ပေါင်းစပ်ထားတာပါ။

Leonidas Autonomous Robotic လို့ အမည်ပေးထားတဲ့ အဲဒီလက်နက်စနစ်က Epirus ရဲ့ Leonidas high-power microwave လက်နက်နဲ့ GDLS ရဲ့ Tracked Robot 10-ton တို့ကိုပေါင်းစပ်ထားတာ ဖြစ်ပါတယ်။ သူတို့ကိုပေါင်းစပ်လိုက်ခြင်း အားဖြင့်ထွက်ပေါ်လာတဲ့အရာက မောင်း သူမဲ့လေယာဉ်အုပ်များကို ဘေးထွက် ထိခိုက်မှုအနည်းဆုံးနဲ့ အတိကျဆုံးတိုက်ခိုက် ချေမှုန်းနိုင်မယ့် ရွေ့လျားမောင်းသူမဲ့ဒရုန်း တိုက်ဖျက်ရေးလက်နက်စနစ်ဖြစ်လာပါ တယ်။ **Ref: IE**

**ကိုထက်**

# မိုင် ၃၃၀ အထိသွားနိုင်မယ့် Ferrari ရဲ့ ပထမဆုံးလျှပ်စစ်ကား

Ferrari ဆိုတာ ဇိမ်ခံပြိုင်ကားတွေကို ထုတ်လုပ်ခြင်းအားဖြင့် လူသိများပါတယ်။ သူတို့ရဲ့ကားတွေက စွမ်းဆောင်ရည်မြင့် အင်ဂျင်တွေကိုသာ အသုံးပြုထားတာပါ။ အခု အဲဒီသမားရိုးကျအင်ဂျင်တွေနေရာမှာ လျှပ်စစ်စွမ်းအင်ကိုသာ အပြည့်အဝအသုံး ပြုတဲ့မော်တာတွေနဲ့ အစားထိုးသွားမယ် လို့ မကြာသေးခင်က ထုတ်ဖော်ကြေညာ လိုက်ပါတယ်။ သူတို့ရဲ့ထုတ်ဖော်ကြေညာ ချက်ဟာ လျှပ်စစ်စွမ်းအင်သုံးယာဉ်(EV) အပေါ် အသုံးပြုသူများရဲ့ယုံကြည်ချက်ကို ပိုမိုမြင့်မားလာစေမှာပါ။

အခု Ferrari ကထုတ်ဖော်ပြသလိုက် တဲ့ကားကို Elettrica လို့နာမည်ပေးထား ပါတယ်။ အဲဒီကားကို ထုတ်တော့မထုတ် ရသေးပါဘူး။ ထုတ်လုပ်သွားမယ်လို့သာ ကြေညာလိုက်တာဖြစ်ပြီး နောက်ဆုံးဒီဇိုင်း ကိုလည်း ထုတ်ဖော်မိတ်ဆက်ထားခြင်း မရှိသေးပါဘူး။

ဒါပေမဲ့ သူ့ရဲ့ကားကတံခါးလေးပေါက် ပါဝင်မယ်။ လေးယောက်ထိုင်ဖြစ်မယ်။ မောင်းနှင်နိုင်မယ့်အကွာအဝေးက မိုင် ၃၃၀ အထိရှိမယ်။ အံ့သြဖို့ကောင်းတဲ့အရာ တစ်ခုက သူတို့ရဲ့ EV က မြင်းကောင်ရေ အား ၁၀၀၀ ကျော်ကိုထုတ်လုပ်ပေးနိုင်စွမ်း ရှိတာကြောင့် သုညမှ ကီလိုမီတာ ၁၀၀ အထိကို ၂ ဒသမ ၅ စက္ကန့်အတွင်း အရှိန် တင်နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် Ferrari ရဲ့ပထမဆုံး EV ဖြစ်လာမယ့် Elettrica က ပေါ့ပါးမှုနဲ့ကြံ့ခိုင်မှုတို့ကို တစ်ပါတည်း ပေးစွမ်းနိုင်စေမှာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**



# ဝက်အသည်းကို လူမှာအစားထိုးကုသမှု ဆေးပညာလောကမှာ မှတ်တိုင်တစ်ရပ်စိုက်ထူလိုက်နိုင်

တရုတ်နိုင်ငံမှာ မျိုးရိုးဗီဇအရအဆင့် မြှင့်တင်ထားတဲ့ဝက်အသည်းကို အသက် ရှင်နေတဲ့လူနာတစ်ယောက်မှာ အောင်မြင် စွာအစားထိုးကုသမှုပေးလိုက်နိုင်ပါတယ်။ ဒါဟာ ကမ္ဘာ့ပထမဆုံးသော တိရစ္ဆာန်ရဲ့ ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းကို သက်ရှိ လူသားမှာ အောင်မြင်စွာအစားထိုးကုသ မှုဖြစ်လာပါတယ်။ ဘာကြောင့်လဲဆိုရင် အရင်တုန်းကလုပ်ဆောင်တဲ့ ဝက်အသည်း ကိုလူသားမှာအစားထိုးခြင်းက သက်ရှိ လူသားမှာမဟုတ်ဘဲ ဦးနှောက်သေနေတဲ့ လူသားမှာဖြစ်ခြင်းကြောင့်ဖြစ်ပါတယ်။



အခုဖြစ်စဉ်မှာ အသည်းအစားထိုးမှု လက်ခံမယ့်လူနာက အသက် ၇၁ နှစ်ရှိပြီ ဖြစ်တဲ့ အသည်းရောဂါနောက်ဆုံးအဆင့် ခံစားနေရသူဖြစ်ပါတယ်။ သူ့ကိုမျိုးရိုးဗီဇ အဆင့်မြှင့်တင်ပြောင်းလဲထားတဲ့ ဝက်ရဲ့ အသည်းနဲ့အစားထိုးပြီးတော့ နောက်ထပ် ရက်ပေါင်း ၁၇၁ ရက်ရှင်သန်နေထိုင်သွား ပါတယ်။ ဒါကြောင့် အခုလိုမျိုး မျိုးရိုးဗီဇ အဆင့်မြှင့်တင်ပြောင်းလဲမှုလုပ်ထားတဲ့ ဝက်အသည်းက လူသားများရဲ့ကိုယ်တွင်း ဇီဝဖြစ်ပျက်မှုအခြေအနေများနဲ့အညီ လိုက် လျောညီထွေမှုရှိစွာ လုပ်ငန်းဆောင်တာ များကိုထမ်းဆောင်နိုင်တယ်ဆိုတဲ့အချက် ကို အထင်အရှားပြသနေတာကြောင့် ဒါက ဆေးပညာလောကမှာ မှတ်တိုင်တစ်ရပ် စိုက်ထူလိုက်နိုင်ခြင်းဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

## ပင်တဂွန်အနေဖြင့် စစ်သည်များကို မဖြစ်မနေလစာပေးရန် ထရမ့်ညွှန်ကြား

**ဝါရှင်တန်၊ ပြည်တွင်းရေး**

အမေရိကန်အစိုးရအနေဖြင့် အသုံးစရိတ်မရရှိခြင်းကြောင့် လုပ်ငန်းလည်ပတ်မှုများရပ်ဆိုင်းထားရသော်လည်း ပင်တဂွန်စစ်ဌာနချုပ်အနေဖြင့် စစ်သည်များကိုမဖြစ်မနေလစာပေးရန် သမ္မတ ဒေါ်နယ်ထရမ့် ကညွှန်ကြားလိုက်ကြောင်းသိရသည်။

စစ်သည်များကို အောက်တိုဘာလ ၁၅ ရက်တွင်လစာပေးရမည်ဖြစ်သောကြောင့် ရနိုင်သမျှသောငွေကြေးများအားလုံးကို စုဆောင်းထုတ်ယူ၍ စစ်သည်များကိုမဖြစ်မနေလစာပေးရန် ကာကွယ်ရေးဝန်ကြီး ပိဟက်ဆက်ကို ညွှန်ကြားထားကြောင်း ထရမ့်က လူမှုကွန်ရက်တွင်ရေးသားထားသည်။

အမေရိကန်အစိုးရအဖွဲ့သည်အောက်တိုဘာလ ၁ ရက်မှစ၍ လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းသွားခြင်းဖြစ်ပြီး ထိုကဲ့သို့လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းခြင်းသည် ပြီးခဲ့သည့်ခုနစ်နှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်းသိရသည်။

**Ref: Xinhua**

## အမေရိကန်အနေဖြင့် လုပ်ဆောင်ချက်အမှားများကိုပြန်လည်ပြင်ဆင်ရန် တရုတ်နိုင်ငံကတိုက်တွန်း



**ပေကျင်း၊ စီးပွားရေး**

အမေရိကန်နိုင်ငံအနေဖြင့် လုပ်ဆောင်ချက်အမှားများကို ပြန်လည်ပြင်ဆင်ရန် တရုတ်နိုင်ငံကတိုက်တွန်းလိုက်ကြောင်းသိရသည်။ ထို့ပြင် နှစ်နိုင်ငံကြားဆွေးနွေးမှုများကို ပြန်လည်လုပ်ဆောင်ရန်လည်း တရုတ်အစိုးရကတောင်းဆိုလိုက်သည်။

အမေရိကန်အစိုးရက တရုတ်နိုင်ငံမှ တင်သွင်းသော ကုန်ပစ္စည်းများအပေါ် သွင်းကုန်စည်းကြပ်အခွန် ၁၀၀ ရာခိုင်နှုန်းအထိတိုးမြှင့်ချမှတ်မည်ဟု ထုတ်ပြန်လိုက်ပြီးနောက် တရုတ်အစိုးရက ယခုကဲ့သို့တောင်းဆိုလိုက်ခြင်းဖြစ်သည်။

စက်တင်ဘာလတွင် မက်ဒရစ်မြို့၌ တရုတ်-အမေရိကန် စီးပွားရေးနှင့် ကုန်သွယ်ရေးဆွေးနွေးပွဲများလုပ်ဆောင်ပြီးချိန်မှစ၍ အမေရိကန်အစိုးရသည် တရုတ်နိုင်ငံအပေါ် ကန့်သတ်ချက်အသစ်များချမှတ်ခဲ့ကြောင်း၊ ထိုကန့်သတ်ချက်များစွာသည် တရုတ်နိုင်ငံ၏အကျိုးစီးပွားနှင့်ဆွေးနွေးပွဲများ၏ရလဒ်ကို ဆိုးဝါးစွာထိခိုက်စေကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနက အောက်တိုဘာလ ၁၂ ရက်တွင် ထုတ်ပြန်ထားသည်။

ထို့ကြောင့် အမေရိကန်၏လုပ်ဆောင်ချက်များကို တရုတ်နိုင်ငံက ဆန့်ကျင်ကန့်ကွက်ကြောင်း၊ အမေရိကန်အစိုးရအနေဖြင့် နှစ်နိုင်ငံခေါင်းဆောင်များကြားရရှိခဲ့သည့်သဘောတူညီချက်များကို ဆက်လက်စွဲကိုင်ထားရန်တိုက်တွန်းကြောင်း၊ သဘောထားကွဲလွဲမှုများကို အပြန်အလှန်လေးစားမှုဖြင့်ဆွေးနွေးဖြေရှင်းသင့်ကြောင်း တရုတ်အစိုးရကထုတ်ပြန်ထားသည်။**Ref: SCMP**

## အီဂျစ်က ဂါဇာငြိမ်းချမ်းရေးညီလာခံကို လာမည့်သီတင်းပတ်တွင် လက်ခံကျင်းပမည်

**ကိုင်ရို၊ နိုင်ငံရေး**

အီဂျစ်အစိုးရသည် ဂါဇာငြိမ်းချမ်းရေးညီလာခံကို လာမည့်သီတင်းပတ်အတွင်း လက်ခံကျင်းပပေးသွားမည်ဖြစ်ကြောင်း အီဂျစ်သမ္မတ အဗ္ဗဒယ်ဖာတာစီစီ၏ရုံးက ထုတ်ပြန်ထားသည်။

ငြိမ်းချမ်းရေးညီလာခံကို အောက်တိုဘာလ ၁၃ ရက်တွင် ပင်လယ်နီအပန်းဖြေစခန်းမြို့ဖြစ်သည့် ရှမ်အယ်ရှိတ်မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါငြိမ်းချမ်းရေးညီလာခံကို အီဂျစ်သမ္မတအယ်စီစီနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့က ပူးတွဲဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီဂျစ်အစိုးရ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ဂါဇာငြိမ်းချမ်းရေးညီလာခံသို့ ကမ္ဘာ့နိုင်ငံပေါင်း ၂၀ ကျော်မှ ခေါင်းဆောင်များတက်ရောက်ဖွယ်ရှိကြောင်း၊ ထိုညီလာခံသည် ဒေသတွင်းလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် စာမျက်နှာအသစ်ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ **Ref: Sputnik**

## တန်နက်ဆီပြည်နယ်ရှိ ဖောက်ခွဲရေးပစ္စည်းစက်ရုံပေါက်ကွဲမှုဖြစ်ပွား အသက်ရှင်ကျန်ရစ်သူမရှိဟုဆို

**နယူးယောက်၊ မတော်တဆမှု**

အမေရိကန်နိုင်ငံ တန်နက်ဆီပြည်နယ်ရှိ စစ်ဘက်သုံးဖောက်ခွဲရေးပစ္စည်းစက်ရုံပေါက်ကွဲမှုဖြစ်ပွားရာ လူ ၁၆ ဦးသေဆုံးကြောင်းနှင့် အသက်ရှင်ကျန်ရစ်သူတစ်ဦးမျှမရှိကြောင်း အမေရိကန်တာဝန်ရှိသူများက အောက်တိုဘာလ ၁၁ ရက်တွင် ထုတ်ပြန်ထားသည်။

စစ်ဘက်သုံးဖောက်ခွဲရေးပစ္စည်းများထုတ်လုပ်သည့် Accurate Energetic Systems ကုမ္ပဏီ၌ အောက်တိုဘာလ ၁၀ ရက်နံနက်ပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ယင်းကဲ့သို့ပေါက်ကွဲမှုဖြစ်ရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

သို့သော် ထိုဖောက်ခွဲရေးပစ္စည်းစက်ရုံပေါက်ကွဲမှုကြောင့် အများပြည်သူကျန်းမာရေးကိုထိခိုက်စေမည့် မည်သည့်အရာမျှထွက်ရှိခြင်းမရှိကြောင်းနှင့် ရှင်းလင်းရေးလုပ်ငန်းများကို ဖြည်းဖြည်းချင်းလုပ်နေရကြောင်း ပြည်နယ်ကယ်ဆယ်ရေးအဖွဲ့က ထုတ်ပြန်ထားသည်။ **Ref: Xinhua**

## ပါကစ္စတန်၏လေကြောင်းတိုက်ခိုက်မှုများကို အာဖဂန်နစ္စတန်က အောင်မြင်စွာလက်တုံ့ပြန်နိုင်ဟုဆို



**ကဘူး၊ စစ်ရေး**

ပါကစ္စတန်နိုင်ငံက လုပ်ဆောင်သည့် လေကြောင်းတိုက်ခိုက်မှုများကို အောင်မြင်စွာလက်တုံ့ပြန်လိုက်နိုင်ကြောင်း အာဖဂန်နစ္စတန်အစိုးရအဖွဲ့က အောက်တိုဘာလ ၁၂ ရက်တွင်ထုတ်ပြန်ထားသည်။

အာဖဂန်နစ္စတန်တပ်ဖွဲ့များက အောက်တိုဘာလ ၁၁ ရက်ညပိုင်းတွင် နယ်စပ်ရှိ ပါကစ္စတန်တပ်ဖွဲ့များ၏ စခန်းများကို တိုက်ခိုက်မှုများလုပ်ဆောင်ကြောင်း၊ ယင်းတိုက်ခိုက်မှုများတွင် ပါကစ္စတန်တပ်မတော်၏စစ်စခန်းသုံးခုအပြင် လက်နက်ခဲယမ်းများကို သိမ်းပိုက်လိုက်နိုင်ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ ဟဲမန်းပြည်နယ်၏ အစိုးရအဖွဲ့မှပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ပါကစ္စတန်တပ်မတော်သည် အာဖဂန်နစ္စတန်ရှိ ကဘူးနှင့်ပက်တီကာပြည်နယ်တို့အပေါ် ပြီးခဲ့သည့်သီတင်းပတ်အတွင်း လေကြောင်းတိုက်ခိုက်မှုများလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ယင်းနောက်တွင် နှစ်နိုင်ငံနယ်စပ်မျဉ်းတစ်လျှောက်ရှိ ဟဲမန်း၊ ကန်ဒါဟာ၊ ဇာဘူး၊ ပက်တီကာ၊ ပက်တီယာ၊ ခို့(စ်)၊ နန်ဂါဟာနှင့် ကူနာပြည်နယ်တို့တွင်စခန်းချထားသော ပါကစ္စတန်စစ်စခန်းများကို အောက်တိုဘာလ ၁၁ ရက် သန်းခေါင်ယံတွင် အောင်မြင်စွာတိုက်ခိုက်မှုလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း အာဖဂန်နစ္စတန်အစိုးရအဖွဲ့၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **Ref: NDTV**

## ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ဒစ်ဂျစ်တယ်လူဝင်၊ လူထွက်စနစ် စတင်မိတ်ဆက်

**ဘရပ်ဆဲ၊ လူဝင်မှုကြီးကြပ်ရေး**

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် အောက်တိုဘာလ ၁၂ ရက်မှစ၍ ဒစ်ဂျစ်တယ်လူဝင်၊ လူထွက်စနစ်ကို စတင်မိတ်ဆက်လိုက်ပြီဖြစ်ကြောင်းသိရသည်။ ထိုစနစ်သည် အဓိကအားဖြင့်ဥရောပသမဂ္ဂအဖွဲ့ဝင်မဟုတ်သည့်နိုင်ငံများမှ နိုင်ငံသားများ၏ ဝင်ရောက်မှုနှင့်ထွက်ခွာမှုတို့ကို မှတ်တမ်းတင်သည့်စနစ်ဖြစ်သည်။

Entry/Exit System (EES) ဟုခေါ်သည့် အဆိုပါစနစ်သည် အလိုအလျောက်စနစ်တစ်ခုဖြစ်ပြီး ခရီးသွားများအနေဖြင့် ၎င်းတို့၏ပတ်စပို့ကိုစကန်ဖတ်ခြင်း၊ လက်ဗွေနှိပ်ခြင်းနှင့် ဓာတ်ပုံအရိုက်ခံခြင်းတို့ကို လုပ်ဆောင်ကာ ကိုယ်တိုင်မှတ်ပုံတင်နိုင်သည့်စနစ်ဖြစ်သည်။

ယင်းစနစ်ကို အသုံးပြုရခြင်းသည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၌ သက်တမ်းလွန်နေထိုင်သူများကို ဖော်ထုတ်နိုင်ရေး၊ လိမ်လည်မှုများကို သိရှိထိန်းချုပ်နိုင်ရေးနှင့် တရားမဝင်လူဝင်မှုများကို ကာကွယ်နိုင်ရေးတို့အတွက်ဖြစ်ကြောင်း ဥရောပပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးကော်မရှင် နာမဂ္ဂနက်ဘရန်နာက ပြောသည်။

လက်ရှိတွင် ပတ်စပို့စာအုပ်၌ တံဆိပ်တုံးထုပေးသည့်စနစ်ကိုသာ အသုံးပြုနေခြင်းဖြစ်သော်လည်း လာမည့်နှစ်ဧပြီလ ၁၀ ရက်တွင် ယခုစနစ်ဖြင့်အစားထိုးသွားမည်ဖြစ်ကြောင်းသိရသည်။ **Ref: ST**



# MSME လုပ်ငန်းရှင်များနှင့် လုပ်သားများမဲစာရင်းတွင် မကျန်ရှိစေရေး၊ MSME ထုတ်ကုန်ပစ္စည်းများ ဈေးကွက်အဆင့်မြှင့်တင်ရေးနှင့် MSME ထုတ်ကုန်ပစ္စည်းပြိုင်ပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင်နှင့် လယ်ဝေးခရိုင်တို့တွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများအား ပထမအကြိမ် ကပ်ထားကြေညာပေးထားရာ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းအတွင်းရှိ လုပ်သားများ မဲစာရင်းတွင်မကျန်ရှိစေရေး အလေးထားကြည့်ရှုပေးရန်နှင့် MSME လုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့ နေပြည်တော် MSME အေဂျင်စီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ နေပြည်တော် MSME အေဂျင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ MSMEလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းသွားရောက်ကြည့်ရှုပြီး မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန်လျှောက်ထားခြင်း၊ မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ(၄) ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်



အလက်များမှားယွင်းနေပါက ပုံစံ(၄-က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပြီး လိုအပ်သောပုံစံများကို ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နေပြည်တော် MSME အေဂျင်စီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက ဒေသတွင်းထွက်ရှိသည့် ထုတ်ကုန်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ မြို့နယ်အဆင့် ထုတ်လုပ်သည့်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး MSME ပြပွဲ၊ ပြိုင်ပွဲများကို လုပ်ငန်းရှင်များ၊ အသင်းဝင်များနှင့်ပေါင်းစပ်၍ ကျင်းပဆောင်ရွက်စေလိုကြောင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြိုင်ပွဲဝင်စည်းမျဉ်းစည်းကမ်းများ၊ နည်းပညာပိုင်းအရ ပံ့ပိုးပေးနိုင်မှုအခြေအနေများနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တောင်ဥက္ကလာပမြို့နယ်၌ ပထမအကြိမ် မဲစာရင်းကြေညာထားမှုအား တာဝန်ရှိသူများလိုက်လံကြည့်ရှု

ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ရပ်ကွက်များတွင် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများကြေညာထားရှိမှုကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် လိုက်လံကြည့်ရှုစစ်ဆေးသည်။



အဆိုပါပထမအကြိမ်မဲစာရင်းကပ်ထားကြေညာထားရှိမှုအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှု၍ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိအမည်မပါဝင်ပါက ပုံစံ(၃) ဖြင့်လည်းကောင်း၊ ကန့်ကွက်လိုလျှင်ပုံစံ(၄)ဖြင့်လည်းကောင်း၊ အချက်အလက်များမှားယွင်းနေလျှင်ပုံစံ(၄-က)ဖြင့်လည်းကောင်း လျှောက်ထားနိုင်ကြောင်းကို ပြောကြားပြီး လိုအပ်သည်များကိုလည်း တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တောင်ဥက္ကလာပမြို့နယ်တွင် ရပ်ကွက် ၁၃ ခုရှိရာ မဲဆန္ဒရှင်ပြည်သူများက မိမိအမည်ပါ၊ မပါနှင့် မဲပေးပိုင်ခွင့်ရှိသူများအနေဖြင့် မဲပေးပိုင်ခွင့်များဆုံးရှုံးမှုမရှိစေရန်အတွက် ပထမအကြိမ်မဲဆန္ဒရှင်စာရင်းများကို အောက်တိုဘာလ ၂၀ ရက်အထိ ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)

# မဲဆန္ဒရှင်စာရင်းများကြေညာထားရာ ပြည်သူများ ဆက်လက်လာရောက်ကြည့်ရှုလျက်ရှိ

မိုးနဲ အောက်တိုဘာ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ မဲပေးပိုင်ခွင့်ရှိသူ မဲစာရင်းများကို ပထမအကြိမ်အဖြစ် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုများအလိုက် ကပ်ထားကြေညာထားပြီး မဲပေးပိုင်ခွင့်ရှိမဲဆန္ဒရှင်ပြည်သူများက မိမိတို့၏ အမည်ပါ/မပါမဲစာရင်းများကို လာရောက်ကြည့်ရှုလျက်ရှိကြောင်းသိရသည်။

အဆိုပါပထမအကြိမ်မဲစာရင်းကပ်ထားကြေညာခြင်းကို အောက်တိုဘာလ ၁၃ ရက်အထိ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင်ရုံးများ၌ကပ်ထားကြေညာထားရှိမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှု၍ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိအမည်မပါဝင်ပါက ပုံစံ(၃)ဖြင့်လည်းကောင်း၊ ကန့်ကွက်လိုလျှင်ပုံစံ (၄)ဖြင့်လည်းကောင်း၊ အချက်အလက်များမှားယွင်းနေလျှင်ပုံစံ(၄-က)ဖြင့်လည်းကောင်း၊ လျှောက်ထားနိုင်ကြောင်းနှင့်လိုအပ်သည်များကိုလည်းတာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့အပါအဝင် ရပ်ကွက် ၁၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၄ အုပ်စုရှိ မဲရုံ ၃၉ ရုံ၌ မဲစာရင်းများ ကြေညာထားကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှသိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

# တွံတေးမြို့နယ်၌ မဲစာရင်းများကပ်ထားသည့်နေရာများကို တာဝန်ရှိသူများက လိုက်လံကွင်းဆင်းစစ်ဆေး

တွံတေး အောက်တိုဘာ ၁၂

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ပထမအကြိမ် မဲစာရင်းများကပ်ထားသည့်နေရာများကို ယမန်နေ့ နံနက် ၈ နာရီခွဲက သတ်မှတ်ရပ်ကွက်၊ ကျေးရွာများသို့တာဝန်ရှိသူများက လိုက်လံကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများသည် ရပ်ကွက်၊ ကျေးရွာများသို့ ပထမအကြိမ်မဲစာရင်းကပ်ထားကြေညာထားမှုအား ပြည်သူများလာရောက်ကြည့်ရှုနေမှုကို သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများအား ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန်၊ ကပ်ထားကြေညာသည့် မဲစာရင်းများကိုလည်း ပြည်သူများသိရှိစေရေး အလေးထားဆောင်ရွက်သွားရန် ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့များအား လိုအပ်သည်များမှာကြားကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)



**လေကောင်းလေသန့်ရသောပတ်ဝန်းကျင်တွင် လမ်းလျှောက်ရင်းအသက်ရှူလေ့ကျင့်ခန်းများပြုလုပ်ပေးပါ။**

➢ **ကျောဖုံးမှအဆက်**


သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၆ ရက်**တွင် မန္တလေးမြို့ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၅၂၀၇၅) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၀၅၂၀၇၅)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်**တို့တွင် ဗိုလ်တထောင်မြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ဒေါပုံမြို့နယ်၊ သာကေတမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁၁)စီး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၉ ရက်**တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၃)မျိုး၊ စားသောက်ကုန်ပစ္စည်း (၃) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၃၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toe M.P.V Micro Bus (၁)စီး၊ Hyundai Porter II (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **အောက်တိုဘာလ ၁၀ ရက်**တွင် သာကေတဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်(၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၇) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၆၀၇၈၃၄၃) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV.Htar Wara Lont La ရေယာဉ် (၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၈၃၇၀၈၃၄၃)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။


၂၀၂၅ ခုနှစ်၊ **အောက်တိုဘာလ ၇ ရက်၊ ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၂၃)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၇၃၈၅၁၄၁၀)**ကိုဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့်ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **မြဝတီ**



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။


လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်

ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



PVC Resin (Polyvinyl Chloride Resin)


Plastic Roll




အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

◆ **၂၀၂၅ ဆီးဂိမ်းပြိုင်ပွဲမှအဆက်**

စနူကာ ၆ လုံးပြိုင်ပွဲ၌ တစ်ဦးချင်းပြိုင်ပွဲနှင့် အသင်းလိုက်ပြိုင်ပွဲ စသည့်ပြိုင်ပွဲခြောက်မျိုးဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

"မြန်မာနိုင်ငံမှာ ဘိလိယက်က နိုင်ငံတကာပြိုင်ပွဲတွေ သွားရောက်ယှဉ်ပြိုင်ရာမှာ အမြဲတမ်း ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်တွေ ရယူပေးတဲ့ အားကစားနည်းဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့မြန်မာနိုင်ငံမှာ နောက်မျိုးဆက်သစ်ကရှားပါးနေတယ်" ဟု အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၂) ညွှန်ကြားရေးမှူး မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအားကစားအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၂) ညွှန်ကြားရေးမှူး ဦးဝင်းထက်မွန်က ပြောသည်။

ဆီးဂိမ်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ဘိလိယက်နှင့်စနူကာ ကစားသမားသုံးဦးမှာ ပေါက်စ၊ အောင်ငွေးနှင့်နေသွေးဦးတို့ဖြစ်ကြသည်၊ ကစားသမား ပေါက်စသည် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲနှင့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ တစ်ဦးချင်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သည့် ကစားသမားဖြစ်ပြီး ယခုနှစ်တွင်လည်း ရွှေတံဆိပ်အလားအလာရှိသည့် ကစားသမားတစ်ဦးဖြစ်သည်၊ ကစားသမား အောင်ငွေးသည်လည်း ၂၀၁၃ ဆီးဂိမ်းနှင့် ၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲတို့တွင်ရွှေတံဆိပ်ဆွတ်ခူးရရှိသည့် ကစားသမားဖြစ်သည်။ ထို့အတူ ကစားသမား နေသွေးဦးသည် (၁၆) ကြိမ်မြောက် ၂၀၂၀ အာရှအားကစားပြိုင်ပွဲတွင် ငွေတံဆိပ်၊ ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲတွင် ငွေတံဆိပ်နှစ်ခုဆွတ်ခူးရရှိထားသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်ကြကြောင်း သိရသည်။

**ဝန်းရံခ**

➲ **အမျိုးသမီးဘောလုံးပြိုင်ပွဲမှအဆက်**

ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင် ပရိသတ်များ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ မကွေးတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နှစ်ဖက်ဂိုးမရှိ သရေရလဒ်ဖြင့်လည်းကောင်း၊ ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ကချင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်ကစားကြရာ မွန်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ၄ ဂိုး ဂိုး မရှိဖြင့်လည်းကောင်း အနိုင်ရရှိသည်။

အဆိုပါအုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဇုန်လေးဇုန်ခွဲ၍ အောက်တိုဘာလ ၁၈ ရက်အထိ ကျင်းပခြင်းဖြစ်ပြီး ရှုံးထွက်ပွဲစဉ်များ၊ တတိယလုပွဲ ပွဲစဉ်နှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို အောက်တိုဘာလ ၂၁ ရက်၊ ၂၃ ရက်နှင့် ၂၅ ရက်တို့တွင် ရန်ကုန်မြို့ရှိ အားကစားကွင်းများတွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာလ ၁၃ ရက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ညနေ ၃ နာရီမှ စတင်ကာ ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်း၊ ပဲခူးမြို့ အားကစားဥယျာဉ်ကွင်း၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည့်အတွက် အားကစားဝါသနာရှင်မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**မြဝတီ**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကျွန်းစုမြို့နယ်၌ ဒေသခံတိုင်းရင်းသားများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းအစီအစဉ်အတွက် ဆေးဝါးပစ္စည်းများ ပံ့ပိုးပေးအပ်



ကျွန်းစု အောက်တိုဘာ ၁၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်၌ မြိတ်ကက်သလစ်သာသနာနှင့် တိုင်းဒေသကြီး ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီတို့ပူးပေါင်း၍ ဒေသခံတိုင်းရင်းသားများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းအစီအစဉ်အတွက် ဆေးဝါးပစ္စည်းများ ပံ့ပိုးပေးအပ်ပွဲကို အောက်တိုဘာလ ၁၁ ရက်က ရေမြစ်ကြီးကျေးရွာအုပ်စု ဝါးချောင်းကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာနှင့် တာဝန်ရှိသူများက အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုစင်တာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုစင်တာအတွင်း လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာက အဖွင့်အမှာစကားပြောကြားပြီး ဆေးဝါးပစ္စည်းများကို တာဝန်ရှိသူများထံ ပံ့ပိုးပေးအပ်သည်။

ဆက်လက်၍ ဒေသခံတိုင်းရင်းသားများက နေထိုင်ရာကျေးရွာအလိုက် လိုအပ်လျက်ရှိသော ဆက်သွယ်ရေးတာဝါတိုင်၊ ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းများနှင့် တံတားများ၊ သောက်သုံးရေရရှိမှုများနှင့် ပညာရေးကဏ္ဍများကို တင်ပြခဲ့ကြရာ တာဝန်ရှိသူများက လိုအပ်သည်များဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးသန့်ဇင်က နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းပြုလုပ်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး ပြုလုပ်ပြီးစီးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် ပံ့ပိုးငွေများကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

# ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးများအား ပုံမှန်ကာကွယ်ဆေးများထိုးနှံတိုက်ကျွေးပေး

ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ကျန်းမာရေးဦးစီးဌာန၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးများအား ပုံမှန်ကာကွယ်ဆေးများထိုးနှံတိုက်ကျွေးပေးခြင်းကို အောက်တိုဘာလ ၁၁ ရက်က ဆောင်ရွက်သည်။

ထိုသို့ ပုံမှန်ကာကွယ်ဆေးများထိုးနှံတိုက်ကျွေးပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမျိုးမင်းထွန်းဦးဆောင်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ရပ်ကွက်များမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးများအား ဘီစီဂျီ၊ အသည်းရောင်အသားဝါ(ဘီ)၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော (ရိုတာ)၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗီ)၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဝက်သက်၊ ဂျိုက်သိုး၊ ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးများကို အသက်အရွယ်အပိုင်းအခြားအလိုက် ထိုးနှံတိုက်ကျွေးပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနအနေဖြင့် ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို သတ်မှတ်စရပ်နေရာများသို့ကွင်းဆင်း၍ ဆက်လက်ထိုးနှံတိုက်ကျွေးပေးလျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့**

# မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းခြံချောင်းခေတ်မီစံပြကျေးရွာ၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပ



မော်လမြိုင်ကျွန်း အောက်တိုဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တန်ငူကျေးရွာအုပ်စု ကွမ်းခြံချောင်းခေတ်မီစံပြကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို အောက်တိုဘာလ ၁၁ ရက်က အဆိုပါကျေးရွာ အောင်ချမ်းသာ ၄ လမ်းထိပ်၌ ကျင်းပသည်။

ရှေးဦးစွာ ကွမ်းခြံချောင်းခေတ်မီစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသူများက မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းရမည်သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ အဖွဲ့ဝင် (၁) ဗိုလ်မှူးမင်းလွင်၊ အတွင်းရေးမှူး ရဲမှူးမိုးစိန်တို့က ဖျော်ဖြေရေးအဖွဲ့အား ဆုငွေများချီးမြှင့်ပေးအပ်ပြီး ကျေးရွာတွင်းကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်ကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ကျေးရွာတွင်းကွန်ကရစ်လမ်းသစ်သည် အရှည် ပေ ၃၀၀၊ အကျယ် ၆ ပေ၊ ထု ၆ လက်မရှိပြီး ရန်ပုံငွေ ငွေကျပ် ၁၀ ဒသမ ၃၃ သန်း ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကာ ယခုအခါ ကျေးရွာနေပြည်သူများ အဆိုပါကွန်ကရစ်လမ်းကို ရာသီမရွေး အသုံးပြုနိုင်သည့်အတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများအား အဆင်ပြေလွယ်ကူစွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလတစ်လတာကာလအတွင်း ဒေသထွက်နေလှန်းဆား ပိဿာ ၇၀၀၀၀ ကျော် တင်ပို့ရောင်းချနိုင်ခဲ့



ဒေးဒရဲ အောက်တိုဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလတစ်လတာကာလအတွင်း ဒေသထွက်နေလှန်းဆား ပိဿာ ၇၀၀၀၀ ကျော် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ်မှ နေလှန်းဆားထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်စုစုထွေး၏ပြောပြချက်အရ သိရသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း နေလှန်းဆား ပိဿာ ၇၀၀၀၀ ကျော် တင်ပို့ရောင်းချနိုင်ခဲ့သည်။

''ဒေးဒရဲမြို့နယ်ကနေ ဒေသထွက်နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကို အဓိကထားတင်ပို့ရောင်းချနေပါတယ်။ စက်တင်ဘာလတစ်လတာကာလအတွင်း ပိဿာ ၇၀၀၀၀ ကျော် တင်ပို့ရောင်းချခဲ့ရပါတယ်။ နေလှန်းဆားတွေက အရည်အသွေးကောင်းတဲ့အတွက် လက်ရှိမှာလည်း ပိဿာတော်တော်များများ တင်ပို့ရောင်းချနေရပါတယ်။ ဒေသထွက်နေလှန်းဆားတွေ အခုလို အရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး စီးပွားရေးအဆင်ပြေလာကြပါတယ်'' ဟု ဒေါ်စုစုထွေးကပြောသည်။

ဒေးဒရဲမြို့နယ်၌ ဒေသထွက်နေလှန်းဆားများကို ဆားလုပ်ငန်းလုပ်ကိုင်သူများက စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသထွက်နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့်လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း သိရသည်။

**သုတကျော်**

# ယာယီတိမ်းရှောင်စခန်းနေ မိသားစုများအတွက် ဆန်ရိက္ခာနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့



မြစ်ကြီးနား အောက်တိုဘာ ၁၂

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသတွင်း ယာယီတိမ်းရှောင်မိသားစုများ နေထိုင်စားသောက်မှုအဆင်ပြေစေရေး အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးလျက်ရှိရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲ ၂ နာရီတွင် မြစ်ကြီးနားမြို့နယ် ရွှေစက်ရပ်ကွက်အတွင်းရှိယာယီတိမ်းရှောင်စခန်းများမှ အိမ်ထောင်စုများနှင့် နောင်နန်းကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စုများကို သွားရောက်တွေ့ဆုံပြီး အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။

ဦးစွာ ရွှေစက်ရပ်ကွက်အတွင်းရှိ မြစ်ကြီးနားဇုန်နယ် လီဆူနှစ်ခြင်းအသင်းတော်များအဖွဲ့ ယာယီတိမ်းရှောင်စခန်းသို့ သွားရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အဆိုပါစခန်း၌ COC ဘုရားကျောင်း၊ နာဇရပ်အသင်းတော် ကျမ်းစာကျောင်း၊ ခိုလှုံရာလူငယ်ပြုစုရေးသင်တန်းကျောင်း၊ ဦးမိုတီရမ်းခြံဝင်းနှင့် ခရစ်တော်၏ အသင်းတော်စခန်းတို့တွင် ဝိုင်းမော်မြို့နယ်အတွင်းမှယာယီလာရောက်ခိုလှုံနေထိုင်လျက်ရှိသော အိမ်ထောင်စု ၁၉၉ စုအတွက် ဆန် ၂၄ ပြည်ပါ အိတ် ၁၉၉ အိတ်၊ ဆီ ၁၉၉ ပိဿာ၊ ကြက်ဥအလုံး ၃၉၈၀ နှင့် ကျောင်းသုံးကိရိယာပစ္စည်းများကို ထောက်ပံ့ပေးအပ်ကာ အိမ်ထောင်စုများ၏တင်ပြချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် နောင်နန်းကျေးရွာအုပ်စု မော်တောင်းကျေးရွာအတွင်းရှိ ဂျော်မဆပ်နှစ်ခြင်းခရစ်ယာန် ဘုရားရှိခိုးကျောင်း၌ ဖားကန့်မြို့နယ်အတွင်းရှိ ကျေးရွာများမှ လာရောက်ခိုလှုံနေထိုင်လျက်ရှိသော အိမ်ထောင်စုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အိမ်ထောင်စု ၈၁ စုအတွက် ဆန် ၂၄ ပြည်ပါအိတ် ၈၁ အိတ်နှင့် ဆီ ၈၁ ပိဿာတို့ကို ထောက်ပံ့ပေးအပ်ကာ စခန်းတာဝန်ရှိသူများနှင့်ကျေးရွာတာဝန်ခံများ၏အိမ်ထောင်စုများအတွက် ယာယီနေအိမ်ဆောက်လုပ်ပေးနိုင်ရေးနှင့် ကျေးရွာတွင်းလမ်းခင်းပေးနိုင်ရေးနှင့်စပ်လျဉ်း၍ တင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် အောက်တိုဘာ ၁၂

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

(၂၃) ကြိမ်မြောက် ထီဖွင့်ပွဲတွင် Jackpot ဆုကြီး ကျပ်သိန်း (၁,၀၀၀) အတွက် ကံထူးရှင် ပေါ်ပေါက်လာပါသဖြင့် နောက်တစ်ကြိမ်ဖွင့်လှစ်မည့် (၂၄) ကြိမ်မြောက် ထီဖွင့်ပွဲတွင် Jackpot ဆုကြီးထီဆုငွေ

သိန်း (၁,၀၀၀)

ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

5 Digits အောင်ဘာလေ အွန်လိုင်းထီ

Call Center 777 (or) 09 677 000 777

SCAN ME

*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ဝယ်ယူကံစမ်းနိုင်ပါပြီ။

### ပျောက်ဆုံးကြောင်း

ရာဂျ်ကမာလ်(ဘ)ဦးစီယာရမ်း ၇/ကတခ(ပြု)၀၁၇၇၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 414818)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၄၆၂၄၄၄၇

### ပျောက်ဆုံးကြောင်း

လှလှနွယ်(ဘ)ဦးလှတင် ၁၂/ခရန(နိုင်)၁၃၃၅၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၈၄၉၇၅၆၈

### ပျောက်ဆုံးကြောင်း

ရီရီမွန်(ဘ)ဦးသန်းလွင် ၁၂/ခရန(နိုင်)၁၅၆၅၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၄၇၁၉၅၂၄

### ပျောက်ဆုံးကြောင်း

ရာဇာထွန်း(ဘ)ဦးအောင်ညိုဇံ ၄/ပလဝ(နိုင်)၀၅၅၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ (၂၀၂၅-၂၀၂၆) ဘဏ္ဍာရေးနှစ်အတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို(လုပ်ငန်းသုံးပစ္စည်းတင်ဒါ) တင်ဒါခေါ်ယူမည်ဖြစ်ပါ၍ လျှောက်ထားလိုသည့် ပြည်ထောင်စုမြန်မာနိုင်ငံသားလုပ်ငန်းအတွေ့အကြုံရှိသော လုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံရယူရမည့်နေရာ | - | ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ သီတာဆိပ်လမ်း၊ ပုဇွန်တောင်မြို့နယ် |
| တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | - | ၁၃-၁၀-၂၀၂၅ မှ ၂၇-၁၀-၂၀၂၅ ရက်နေ့အထိ(ရုံးချိန်အတွင်း) |
| တင်ဒါအာမခံကြေးပေးသွင်းထားသည့် PQ Cheque မူရင်းတင်သွင်းရမည့်နောက်ဆုံးရက် | - | ၂၇-၁၀-၂၀၂၅ (တနင်္လာနေ့) (၃:၀၀)နာရီအထိ |
| တင်ဒါအာမခံကြေးပေးသွင်းထားသည့် PQ Cheque မူရင်းတင်သွင်းရမည့်နေရာ | - | ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ သီတာဆိပ်လမ်း၊ ပုဇွန်တောင်မြို့နယ် |
| လုပ်ငန်းသုံးပစ္စည်းတင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် | - | (၂၈-၁၀-၂၀၂၅)(၁၀:၀၀)နာရီ |

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံး ဖုန်း ၀၉-၄၀၁၈၆၃၂၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

### "Sein Ko Ko Oo Company Limited (အစုရှယ်ယာရှင်များ၏ဆန္ဒအရ ဖျက်သိမ်းဆဲ) နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း"

Sein Ko Ko Oo Company Limited ၏ နောက်ဆုံးအပြီးသတ်အထွေထွေအစည်းအဝေးကို(၁၃-၁၁-၂၀၂၅)နေ့ နံနက်(၉:၀၀) နာရီအချိန်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရုံးခန်း၌ ကျင်းပမည်ဖြစ်ပါသောကြောင့် Sein Ko Ko Oo Company Limited ၏ အစုရှယ်ယာရှင်များအားလုံး တက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)
အမှတ်(၃၁၃/၃၂၃)၊ အခန်း-(၈/စီ)၊ (၇)လွှာ၊ SeaGreen Tower၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

### "ဂါမဏိရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (အစုရှယ်ယာရှင်များ၏ဆန္ဒအရ ဖျက်သိမ်းဆဲ) နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း"

ဂါမဏိရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၏ နောက်ဆုံးအပြီးသတ်အထွေထွေအစည်းအဝေးကို(၁၃-၁၁-၂၀၂၅)နေ့ နံနက်(၁၀:၀၀)နာရီအချိန်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရုံးခန်း၌ ကျင်းပမည်ဖြစ်ပါသောကြောင့် ဂါမဏိရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၏ အစုရှယ်ယာရှင်များအားလုံး တက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)
အမှတ်(၃၁၃/၃၂၃)၊ အခန်း-(၈/စီ)၊ (၇)လွှာ၊ SeaGreen Tower၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

### ပျောက်ဆုံးကြောင်း

ပဲခူးမြို့နေ မအိအိဖြိုး(ဘ)ဦးသန်းထိုက် ၇/ပခန(နိုင်)၄၂၈၇၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 783224)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

### ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ တောင်သလဲမြောင်ကျေးရွာနေ စောနေပလုမူး(ဘ)စောမူးကပေါ ၇/ဒဥန(နိုင်)၂၄၂၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၇၇၄၄၂၄၈

### ပျောက်ဆုံးကြောင်း

ဦးဆွေဝင်း(ဘ)ဦးလှဝင်း ၁၂/မရက(နိုင်)၀၅၆၂၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ပန်းဝတ်ရည်လှိုင်(ဘ)ဦးဝင်းလှိုင် ၈/နမန(နိုင်)၂၅၀၈၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

အဲမီထန်းငီး(ဘ)ဦးလားလ်အဲင်လျံ ၅/ကလထ(နိုင်)၃၄၆၇၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

အမ်လရိန်(ဘ)ဦးဒေါ်လုံဟော် ၉/ပဥလ(နိုင်)၀၁၇၂၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 395852)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၁၃၅၆၇၇၆

### ပျောက်ဆုံးကြောင်း

နန်းဟွမ်နွမ်ခေး(ဘ)စိုင်းဆမ်ထွန်း ၁၃/နခန(နိုင်)၁၁၂၂၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 790593)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၈၂၆၇၀၃၀

### ပျောက်ဆုံးကြောင်း

ကျော်လွင်(ဘ)ဦးနီထွန်း ၆/ရဖန(နိုင်)၀၃၃၅၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ဖြိုးသီရိအောင်(ဘ)ဦးတင်အောင်စော ၆/ရဖန(နိုင်)၀၅၀၀၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၇၀၇၈၀၆၃

**ပျောက်ဆုံးကြောင်း**

နော်ခိုင်ခိုင်စိုး(ဘ)စောမူထွန်းဦး ၇/သဝတ(နိုင်)၁၆၇၀၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

အောင်လှခမ်း(ဘ)ဦးခွန်အောင်ဆယ်(ခ)ဦးအောင်ချယ် ၁၃/ဆဆန(နိုင်)၁၂၅၂၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

# ကမ္ဘာ့ဘောလုံးလောက၏ ဈေးအကြီးဆုံးကစားသမားများအစုအဖွဲ့ကို ပိုင်ဆိုင်ထားသည့် အသင်းများစာရင်းတွင် ချယ်လ်ဆီးအသင်းက ထိပ်ဆုံး၌ရပ်တည်



လန်ဒန် အောက်တိုဘာ ၁၂

ချယ်လ်ဆီးအသင်းသည် ကမ္ဘာ့ဘောလုံးလောက၏ ဈေးအကြီးဆုံးကစားသမားများအစုအဖွဲ့ကို ပိုင်ဆိုင်ထားသည့် အသင်းများစာရင်းတွင် ထိပ်ဆုံး၌ ရပ်တည်နေကြောင်း သိရသည်။

နာမည်ကျော် CIES က ထုတ်ပြန်ခဲ့သည့်စာရင်းများအရ တော့ဒ်ဘိုလေ ပိုင်ဆိုင်ထားသည့် ချယ်လ်ဆီးအသင်း၏ ကစားသမားအားလုံး စုစုပေါင်းတန်ကြေးသည် ပေါင် ၁ ဒသမ ၅၆ ဘီလီယံ အထိရှိသောကြောင့် ကမ္ဘာ့ဘောလုံးလောက၏ ဈေးအကြီးဆုံးကစားသမားများအစုအဖွဲ့ကို ပိုင်ဆိုင်ထားသည့်အသင်းများစာရင်းတွင် ချယ်လ်ဆီးအသင်း အနေဖြင့် အဆင့်(၂)နေရာမှ ရီးယဲလ်မက်ဒရစ်အသင်းထက် ပေါင်သန်း ၁၀၀ အထိ ပိုမိုများပြားနေခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ယာအိုပတ်ဒရို၊ အက်စတယ်ဗောင်း၊ ဂါနာချို၊ လီယမ်ဒီလက်ပ်၊ ဂျေမီဂစ်တန်တို့အပါအဝင် ကစားသမားသစ်များကိုခေါ်ယူအားဖြည့်ခဲ့ပြီး အသင်း၏ ကစားသမားရောင်းချမှုမှလည်း ပေါင် ၃၀၅ သန်းအထိ ရရှိခဲ့သည်။

အဆိုပါစာရင်း၏ ထိပ်ဆုံး ၁၀ သင်းတွင် ပရီးမီးယားလိဂ်မှ ငါးသင်းအထိပါဝင်ခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းက ပေါင် ၁ ဒသမ ၄၆ ဘီလီယံဖြင့် အဆင့်(၂)၊ မန်စီးတီးအသင်းက ပေါင် ၁ ဒသမ ၂၈ ဘီလီယံဖြင့် အဆင့်(၃)၊ အာဆင်နယ်အသင်းက ပေါင် ၁ ဒသမ ၂၇ ဘီလီယံဖြင့် အဆင့်(၄)နေရာ၌ ရပ်တည်နေသည်။

ထို့ပြင် အဆင့်(၅)နေရာတွင် ပြင်သစ်လီဂူးထိပ်သီးကလပ် ပီအက်စ်ဂျီအသင်းက ပေါင် ၁ ဒသမ ၂၅ ဘီလီယံဖြင့်လည်းကောင်း၊ အဆင့်(၆)နေရာတွင် လီဗာပူးအသင်းက ပေါင် ၁ ဒသမ ၂၁ ဘီလီယံဖြင့်လည်းကောင်း၊ အဆင့်(၇)နေရာတွင် ဘာစီလိုနာအသင်းက ပေါင် ၁ ဒသမ ၁၇ ဘီလီယံဖြင့်လည်းကောင်း၊ အဆင့် (၈)နေရာတွင် စပါးအသင်းက ပေါင် ၉၀၇ သန်းဖြင့်လည်းကောင်း၊ အဆင့်(၉)နေရာတွင် ဘိုင်ယန်မြူးနစ်အသင်းက ပေါင် ၈၀၉ သန်းဖြင့်လည်းကောင်း၊ အဆင့်(၁၀)နေရာတွင် အင်တာမီလန်အသင်းက ပေါင်သန်း ၇၅၀ ဖြင့်လည်းကောင်း အသီးသီးရပ်တည်နေကြောင်း သိရသည်။

*Ref; Fotmob*

# မန်စီးတီးအသင်းမှ ထွက်ခွာခဲ့ခြင်းအတွက် နောင်တရမိကြောင်း ခံစစ်ကစားသမားဝေါ်ကာပြောကြား

လန်ဒန် အောက်တိုဘာ ၁၂

မန်စီးတီးအသင်း ခံစစ်ကစားသမားဟောင်း ဝေါ်ကာက အသင်းမှ ထွက်ခွာခဲ့ခြင်းအတွက် နောင်တရမိကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။

အသက် ၃၅ နှစ်အရွယ် ခံစစ်ကစားသမားဝေါ်ကာ အနေဖြင့် မန်စီးတီးအသင်း ရလဒ်ပိုင်းဆိုးရွားနေချိန်တွင် နည်းပြဂွါဒီယိုလာနှင့် အဆင်မပြေဖြစ်ကာ ပြီးခဲ့သည့် ဘောလုံးရာသီက စီးရီးအေကလပ် အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည်။

အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ခဲ့သည့် ဝေါ်ကာသည် အသင်းတွင် ပုံမှန်ပွဲထွက်ခွင့်မရရှိဘဲ ၁၆ ပွဲသာ ပါဝင်ကစားခွင့်ရရှိခဲ့ကာ ယခုဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ကလပ် ဘန်လေအသင်းထံ ပြန်လည်ပြောင်းရွှေ့ခဲ့ပြီး လက်ရှိတွင် ၎င်းအနေဖြင့် မန်စီးတီးအသင်းမှ ထွက်ခွာခဲ့ရခြင်းအတွက် နောင်တရမိကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ခံစစ်ကစားသမားဝေါ်ကာက"ကျွန်တော်မန်စီးတီးအသင်းမှာတုန်းက အသင်းခက်ခဲခဲ့တဲ့အချိန် အသင်းဖော်တွေနဲ့အတူရှိနေခဲ့သင့်တာပါ။ သူတို့က ကျွန်တော့်ရဲ့မိသားစုဝင်တွေပါ။ အသင်းက ထွက်ဖို့ ဆုံးဖြတ်ခဲ့တာက ကျွန်တော့်ကစားသမားဘဝတစ်ကိုယ်ကောင်းဆန်တဲ့ ဆုံးဖြတ်ချက်တစ်ခုပါ။ အခုလက်ရှိ ကျွန်တော်အရန်ခုံပေါ်မှာ ထိုင်နေရတာကို မပျော်မရွှင်ဖြစ်နေရပါတယ်။ ကျွန်တော်က ထိပ်တန်းအဆင့်မှာ ကစားနိုင်စွမ်းရှိနေဆဲဖြစ်တဲ့ကစားသမားပါ။ ဒါကြောင့် အေစီမီလန်အသင်းက ကမ်းလှမ်းလာတာကို ကျွန်တော် မငြင်းပယ်နိုင်ခဲ့ပါဘူး"ဟု ပြောကြားခဲ့သည်။

ဝေါ်ကာသည် မန်စီးတီးအသင်းသို့ ၂၀၁၇-၂၀၁၈ ဘောလုံးရာသီက စပါးအသင်းမှ ပြောင်းရွှေ့ခဲ့ပြီး အသင်းနှင့်အတူ ပရီးမီးယားလိဂ်ဖလား ခြောက်ကြိမ်၊ အက်ဖ်အေဖလား နှစ်ကြိမ်၊ ချန်ပီယံလိဂ်ဖလား တစ်ကြိမ်၊ ကာရာဘောင်းဖလား လေးကြိမ်၊ ယူအီးအက်ဖ်အေစူပါဖလား တစ်ကြိမ်နှင့် ဖီဖာကလပ်ကမ္ဘာ့ဖလား တစ်ကြိမ်တို့ကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

*Ref; Fabrizio Romano*

# မိုနာကိုအသင်း၏ ရလဒ်များ ဆိုးရွားမှုကြောင့် နည်းပြ အဒေါ့ဖ်ဟတ်တာ ထုတ်ပယ်ခံရ

ပါရီ အောက်တိုဘာ ၁၂

မိုနာကိုအသင်းနည်းပြ အဒေါ့ဖ်ဟတ်တာသည် အသင်း၏ ရလဒ်များဆိုးရွားမှုကြောင့် ထုတ်ပယ်ခံရကြောင်း သိရသည်။

အသက် ၅၅ နှစ်အရွယ် ဩစတြီးယားနိုင်ငံသား နည်းပြအဒေါ့ဖ်ဟတ်တာသည် ဂျာမန်ကလပ် မိုချန်ဂလာဘတ်အသင်းကို ကိုင်တွယ်ပြီးနောက် ၂၀၂၃ ခုနှစ် ဇူလိုင်လက မိုနာကိုအသင်းနည်းပြအဖြစ် ခန့်အပ်ခံရပြီး အသင်းကို ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် ပြင်သစ်လီဂူးအမှတ်ပေးဇယားအဆင့်(၂)နေရာ၌လည်းကောင်း၊ ၂၀၂၄- ၂၀၂၅ ဘောလုံးရာသီတွင် အဆင့်(၃)နေရာ၌လည်းကောင်း ရပ်တည်နိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

သို့သော် ယခုဘောလုံးရာသီတွင် ပြင်သစ်လီဂူးပွဲစဉ် ခုနစ်ပွဲကစားအပြီး လေးပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ဖြင့် ရမှတ် ၁၃ မှတ်ရရှိထားကာ အမှတ်ပေးဇယားအဆင့်(၅)နေရာ၌ ရပ်တည်နေသော်လည်း ပြိုင်ပွဲစုံနောက်ဆုံးငါးပွဲ၌ ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၁)တွင်ဘယ်လ်ဂျီယံကလပ် ဘရုဂျ်အသင်းကို ၄ ဂိုး-၁ ဂိုးဖြင့် ရှုံးနိမ့်ပြီး ပွဲစဉ်(၂)တွင်လည်း မန်စီးတီးအသင်းကို နှစ်ဂိုးစီသရေရလဒ်သာ ကစားထားနိုင်ခဲ့သည်။

ထို့ပြင် ပြင်သစ်လီဂူးပွဲစဉ် သုံးပွဲတွင်လည်း မက်အသင်းကို အိမ်ကွင်း၌ အနိုင်ရရှိပြီး လိုရီးယန့်အသင်းကို အဝေးကွင်း၌ ၃ ဂိုး-၁ ဂိုးဖြင့် ရှုံးနိမ့်ကာ နိုက်အသင်းကို အိမ်ကွင်း၌ နှစ်ဂိုးစီသရေရလဒ်ကစားနိုင်ခဲ့ခြင်းကြောင့် အသင်းတာဝန်ရှိသူများက နည်းပြ အဒေါ့ဖ်ဟတ်တာကို ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

မိုနာကိုအသင်းသည် နိုင်ငံတကာရက်သတ္တပတ်ပွဲစဉ်များအပြီး အောက်တိုဘာလ ၁၈ ရက်တွင် အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၈)အဖြစ် အန်ဂါအသင်းနှင့်လည်းကောင်း၊ အောက်တိုဘာလ ၂၃ ရက်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ် (၃)အဖြစ် စပါးအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

*Ref; Goal.com*

# စက်တင်ဘာလအတွက် ပရီးမီးယားလိဂ်တစ်လတာအကောင်းဆုံးဆုများကို ပဲလေ့စ်အသင်းနည်းပြ အိုလီဗာဂလက်စ်နာနှင့် မန်စီးတီးအသင်းတိုက်စစ်မှူး ဟာလန်းတို့ ဆွတ်ခူး






မန်ချက်စတာ အောက်တိုဘာ ၁၂

စက်တင်ဘာလအတွက် ပရီးမီးယားလိဂ်၏ တစ်လတာအကောင်းဆုံးဆုများကို ပဲလေ့စ်အသင်းနည်းပြ အိုလီဗာဂလက်စ်နာနှင့် မန်စီးတီးအသင်းတိုက်စစ်မှူး ဟာလန်းတို့က ဆွတ်ခူးခဲ့ကြောင်း သိရသည်။

နည်းပြအိုလီဗာဂလက်စ်နာသည် စက်တင်ဘာလအတွင်း ပဲလေ့စ်အသင်းယှဉ်ပြိုင်ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ် သုံးပွဲတွင် ဆန်းဒါးလန်းအသင်းကို သရေ၊ ဝက်စ်ဟမ်းအသင်းနှင့် အမှတ်ပေးဇယားအဆင့်(၁)နေရာ၌ ရပ်တည်နေသည့် လက်ရှိချန်ပီယံ လီဗာပူးအသင်းတို့ကို အနိုင်ကစားနိုင်ခဲ့ခြင်းကြောင့် ၂၀၁၄ ခုနှစ် ဧပြီလက နည်းပြတိုနီပူးလ်နောက်ပိုင်း ယင်းဆုကို ရရှိခဲ့သည့် ပဲလေ့စ်အသင်း၏ ပထမဆုံး နည်းပြဖြစ်လာခဲ့သည်။

ထို့ပြင် စက်တင်ဘာလအတွက် ပရီးမီးယားလိဂ်တစ်လတာအကောင်းဆုံးကစားသမားဆုကို မန်စီးတီးအသင်းတိုက်စစ်မှူး ဟာလန်းက ဆွတ်ခူးခဲ့ပြီး ၎င်းအနေဖြင့် စက်တင်ဘာလအတွင်း ယှဉ်ပြိုင်ကစားခဲ့သည့် မန်စီးတီးအသင်း၏ပွဲစဉ်များတွင် ငါးဂိုးအထိ သွင်းယူထားနိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူးဟာလန်းအနေဖြင့် စက်တင်ဘာလအတွင်း ယှဉ်ပြိုင်ကစားခဲ့သည့် ဘန်လေအသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုးသွင်းယူနိုင်ပြီး ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်ထားနိုင်ခဲ့ကာ မန်ယူအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရသည့်ပွဲစဉ်တွင် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့်အပြင် အာဆင်နယ်အသင်းနှင့် သရေကျခဲ့သည့်ပွဲစဉ်တွင် ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့သောကြောင့် တစ်လတာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဟာလန်းသည် အဆိုပါဆုကို လေးကြိမ်မြောက်ရရှိခဲ့ခြင်းဖြစ်ကာ ပရီးမီးယားလိဂ်ကစားသမားဟောင်းများဖြစ်ကြသည့် အွန်နရီ၊ အလန်ရှီးယားတို့ ရရှိခဲ့သည့် အကြိမ်အရေအတွက်နှင့် တူညီခဲ့ပြီဖြစ်သည့်အပြင် လက်ရှိဘောလုံးရာသီတွင်လည်း ၎င်းအနေဖြင့် ပရီးမီးယားလိဂ်ပွဲစဉ်ခုနစ်ပွဲ ကစားပြီးချိန် သွင်းဂိုး ကိုးဂိုးဖြင့် သွင်းဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်နေကြောင်းသိရသည်။ *Ref; Fotmob*

# နိုင်ငံတစ်ဝန်း၌ ရော်ဘာစိုက်ဧက ၁၆ သိန်းကျော်စိုက်ပျိုးထားပြီး ယခုဘဏ္ဍာနှစ်တွင် ဧကကိုးသိန်းခွဲခန့်မှ ရော်ဘာများထုတ်လုပ်ရန်လျာထား



ရန်ကုန် အောက်တိုဘာ ၁၂

နိုင်ငံတစ်ဝန်း၌ ရော်ဘာစိုက်ဧက ၁၆ သိန်းကျော်စိုက်ပျိုးထားပြီး ယခုဘဏ္ဍာနှစ်တွင် ဧကကိုးသိန်းခွဲခန့်မှ ရော်ဘာများ ထုတ်လုပ်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရသည်။

နှစ်စဉ် ပြည်တွင်းမှထုတ်လုပ်သော ရော်ဘာများ၏ ၆ ရာခိုင်နှုန်းခန့်ကို ပြည်တွင်း၌အသုံးပြုပြီး ၉၄ ရာခိုင်နှုန်းခန့်ကို ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဓိကအားဖြင့် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ရောင်းချနေပြီး မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဂျပန်၊ အိန္ဒိယနှင့် ဗီယက်နမ် စသည့်နိုင်ငံများသို့လည်း မြန်မာ့ရော်ဘာများ တင်ပို့လျက်ရှိကြောင်း သိရသည်။

"ရော်ဘာကို လူသုံးကုန်ပစ္စည်း၊ မော်တော်ကားတာယာနဲ့ တခြားစက်မှုလုပ်ငန်းသုံးတွေမှာ အများကြီးအသုံးပြုပြီးတော့ လက်ရှိ ကမ္ဘာတစ်ဝန်းမှာ ရော်ဘာလိုအပ်ချက်ထက် ထုတ်လုပ်မှုက နည်းနေသေးတာကြောင့် ရော်ဘာဈေးကွက်က ခိုင်မာမှုရှိပါတယ်။ ဒီဘဏ္ဍာနှစ်မှာတော့ ပြည်တွင်းကနေ ပြည်ပကို ရော်ဘာတန်ချိန် ၃၅၀၀၀၀ ကနေ ၃၈၀၀၀၀ လောက်အထိ တင်ပို့မယ်လို့ ရည်မှန်းထားပါတယ်"ဟု မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း အထွေထွေအတွင်းရေးမှူး ဦးခိုင်မြင့်က ပြောသည်။

ပြည်တွင်း၌ ရော်ဘာပင်များကို မွန်ပြည်နယ်၌ အများဆုံးစိုက်ပျိုးထားပြီး ဒုတိယအများဆုံးမှာ တနင်္သာရီတိုင်းဒေသကြီးနှင့် တတိယအများဆုံးမှာ ကရင်ပြည်နယ်ဖြစ်ကြောင်း၊ ထို့ပြင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး စသည့်တိုင်းဒေသကြီးများတွင်လည်း ရော်ဘာပင်များ အများအပြားစိုက်ပျိုးထားသည့်အပြင် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ရှိ ဒေသတချို့တွင်လည်း ရော်ဘာများ စိုက်ပျိုးလာကြကြောင်း သိရသည်။

ပြည်တွင်း၌ အရည်အသွေးပြည့်မီသော အဆင့်မြင့်ရော်ဘာများ ထုတ်လုပ်ကာ ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်စေရန် နိုင်ငံအတွင်းရှိရော်ဘာလုပ်ငန်းရှင်များကို နိုင်ငံတော်မှ ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။ **ဆောင်းဦး**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံ ဧက ၂၄၀၀ ကျော် လျာထားစိုက်ပျိုးမည်

ပွင့်ဖြူ အောက်တိုဘာ ၁၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံ ဧက ၂၄၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံ ၂၄၃၈ ဧက စိုက်ပျိုးရန်လျာထားပြီး နိုဝင်ဘာလတွင် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ တောင်သူများ စားဖိုဆောင်သီးနှံများကို အခက်အခဲမရှိ အဆင်ပြေစွာစိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည့် စိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်းမျိုးသန့်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်၍ ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားဖိုဆောင်သီးနှံ ၂၄၃၈ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ စားဖိုဆောင်သီးနှံစိုက်ပျိုးတာနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ ကျန်းမာရေးနဲ့ညီညွတ်တဲ့ သီးနှံတွေထွက်ရှိဖို့၊ ပိုးမွှားရောဂါကင်းရှင်းဖို့၊ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးနိုင်ဖို့နဲ့ GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံအဖြစ် ခရမ်း၊ ကြက်ဟင်းခါး၊ ပန်းဂေါ်ဖီ၊ မုန်ညင်းစိမ်း၊ မုန်လာဥဖြူ၊ တိုင်ထောင်ပဲ၊ ကန်စွန်း၊ ဘူး၊ ဖရုံ၊ သခွား၊ ငရုတ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ စသည့်သီးနှံများ စိုက်ပျိုးမည်ဖြစ်ကာ သီးနှံများ အောင်မြင်ဖြစ်ထွန်းမှုရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

စားဖိုဆောင်သီးနှံများကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဒေသခံတောင်သူများ ဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ပေါင်းတည်မြို့နယ်၌ ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များ ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေး

ပေါင်းတည် အောက်တိုဘာ ၁၂

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီကျော်လွန်ရေးတို့အတွက် နည်းပညာပေးဆွေးနွေးပွဲကို စက်မှုလယ်ယာဦးစီးဌာနခန်းမ၌ အောက်တိုဘာလ ၁၂ ရက်တွင် ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထွန်းထွန်းဝင်းက စားရေရိက္ခာဖူလုံရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် လယ်ယာကဏ္ဍသည် အဓိကအရေးကြီးကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေးနှင့် စားသုံးသူများ ဘေးကင်းရေးသည် အရေးကြီးကြောင်း၊ စိုက်ပျိုးသီးနှံများအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးကြိုးပမ်းဆောင်ရွက်ရာ၌ သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု ဒွန်တွဲတွေ့ရှိလာရသည့်အတွက် ပိုးသတ်ဆေးဓာတ်ကြွင်း လျော့ကျကင်းစင်စေရေး အထူးအလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသူများအား စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက သီးနှံများအထွက်တိုးရေးနှင့် စိုက်ပျိုးရေးအသိပညာပေး လက်ကမ်းစာစောင်များကို ပေးဝေခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ လယ်ယာသုံးစက်ကိရိယာ အခြေခံစက်မောင်းသင်တန်းသား တောင်သူများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာရောင်းချသူများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့မှ ဝန်ထမ်းများ တက်ရောက်ကြသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူအကျိုးစီးပွားမြှင့်တင်ပေးနိုင်ရေးနှင့် ပိုးသတ်ဆေးကင်းစင်ပြီး အရည်အသွေးကောင်းမွန်သည့် စိုက်ပျိုးရေးထုတ်ကုန်များရရှိရေး၊ စိုက်ပျိုးရေးသွင်းအားစုများလျှော့ချပြီး အကျိုးအမြတ်ပိုမိုရရှိနိုင်စေရေးတို့အတွက်ရည်ရွယ်၍ မြို့နယ်အတွင်းကျေးရွာအုပ်စုများရှိ တောင်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိလာနိုင်စေရန် အသိပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


**ရွှေသား(IPRD)**

ကာတွန်း




ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ် ၊ ဇွန်လ)

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေး ရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

### စနစ်ကျစွာ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်နည်း



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်း ဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများ ရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် –

ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထုထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊



(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်
- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ခွာညိုပန်းအဝိုင်းအနီး၊ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၃၄၃၅၁၈၁၊ ၀၆၇ ၃၄၃၅၁၈၂၊၀၆၇ ၃၄၃၅၁၈၅၊ ၀၆၇ ၃၄၃၅၁၈၃၊ Fax - ၀၆၇၃၄၃၅၁၈၈၊ Email; myanmarland2005@gmail.com


အရည်အသွေးမြင့် စားသောက်ကုန်များ အပါအဝင် ထုတ်ကုန်ပစ္စည်း အမျိုးမျိုးကို
ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom - ၉-မိုင်၊ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale - ၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
E - Top up ဖုန်းပြောခဖြည့်သွင်းခြင်း
ငွေသွင်းငွေထုတ်ခြင်း/ ငွေလွှဲခြင်း
လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း
ပြည်ပ ငွေလွှဲ (ထိုင်း)
Gift Card ပေးခြင်း
ဈေးဝယ်ခြင်း
Internet Bill ပေးဆောင်ခြင်း
အောင်ဘာလေအွန်လိုင်းထီထိုးခြင်း
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
Myanmar MOBILE MONEY
အခြင်မ်းစား လစာ အပါအဝင်
ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို
ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

❖ လူမှုယဉ်ကျေးမှုအပိုင်းတွင်လည်း ဗဟုဝင်ရိုးခေတ်ကြီးတွင် ပါဝါအရွေ့များဖြစ်ပေါ်ပြောင်းလဲမှုမြန်ဆန်လာသည့်အတွက် ပြည်တွင်းတည်ငြိမ်ရေးသည် အဓိကနေရာရောက်လာ...

❖ သတင်းတု၊ သတင်းမှားများတိုက်ဖျက်ရန်လိုပြီး မီဒီယာအတတ်ပညာတိုးတက်အောင်ဆောင်ရွက်ရန်နှင့် နိုင်ငံခြားသြဇာအရှိန်သက်ရောက်အောင် ကြိုးစားနေမှုများအပေါ်ကိုလည်း တန်ပြန်ဆောင်ရွက်ကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့်စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ၂၀၂၅ ဆီးဂိမ်းပြိုင်ပွဲ ဘိလိယက်နှင့်စနူကာပြိုင်ပွဲတွင် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအားကစားအဖွဲ့ချုပ်က ပြိုင်ပွဲခြောက်မျိုးဝင်ရောက်ယှဉ်ပြိုင်မည်



ရန်ကုန် အောက်တိုဘာ ၁၂

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၅ ဆီးဂိမ်းပြိုင်ပွဲ ဘိလိယက်နှင့်စနူကာပြိုင်ပွဲတွင် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအားကစားအဖွဲ့ချုပ်က ပြိုင်ပွဲခြောက်မျိုး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ၁၀ မျိုးထည့်သွင်းထားပြီး မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအားကစားသမား အမျိုးသားသုံးဦးက ဘိလိယက်ပြိုင်ပွဲ၌ တစ်ဦးချင်းပြိုင်ပွဲနှင့် အသင်းလိုက်ပြိုင်ပွဲ၊ စနူကာ ၁၅ လုံးပြိုင်ပွဲ၌ တစ်ဦးချင်းပြိုင်ပွဲနှင့် အသင်းလိုက်ပြိုင်ပွဲ၊

စာမျက်နှာ ၂၅ ကော်လံ ၁ ◆

# တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက် (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၂

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူး၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဇုန် (၂) ဇုန်ရှိ သက်ဆိုင်ရာအားကစားကွင်းများ၌ ဆက်လက်ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ

စာမျက်နှာ ၂၅ ကော်လံ ၃ ➲



## နိုင်ငံတကာသတင်း

**ဂိုဘီကန္တာရထဲက တာဝါနှစ်လုံးပါဝင်တဲ့ ကမ္ဘာ့ပထမဆုံး နေရောင်ခြည်-အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ**

စာ - ၂၂ သို့

**ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ဒစ်ဂျစ်တယ်လူဝင်၊လူထွက်စနစ် စတင်မိတ်ဆက်**

စာ - ၂၃ သို့

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များနှင့် ရေယာဉ်ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၉ ရက်**တွင် ဒိုက်ဦးမြို့နယ်အတွင်း၌ တရားမဝင်အခြားသစ်တန်(၁၄၂၀) **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၉၉၂)**ကို ဖမ်းဆီးရမိခဲ့ပြီး


စာမျက်နှာ ၂၅ ကော်လံ ၁ ➢



MV.Htar Wara Lont La ရေယာဉ်

အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေသြဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257